၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.837, October 23, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ယုံကြည်ချက်ကိုအခြေခံပြီး မဆုတ်မနစ် လက်တွဲ အလုပ်လုပ်ဖို့ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းပြောကြား

**DVB ၊ အောက်တိုဘာ ၂၁ ။** ။ ယုံကြည်ချက်ကို အခြေခံပြီး မဆုတ်မနစ်လက်တွဲပြီး အလုပ်လုပ်သွားကြဖို့ မကြာသေးမီက လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောကြားလိုက်ပါတယ်။

ဒီလ ၁၂ ရက်မှာ လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို အဖွဲ့ချုပ်က ကြိုဆိုဂုဏ်ပြုတဲ့ အခမ်းအနားကို ဒီနေ့ ကျင်းပရာမှာ ဒေါ်အောင်ဆန်းစုကြည်က ဒီလို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားလိုက်တာဖြစ်ပါတယ်။

ဒီအခမ်းအနားကို ကိုဇာဂနာအပါအဝင် လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသား ၉၀ လောက်တက်ရောက်ကြပြီး သူတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဂုဏ်ပြုထောက်ပံ့ငွေ ကျပ် ၁၂ သိန်းခန့်ပေးအပ်ပါတယ်။

လွတ်လာတဲ့နိုင်ငံရေးအကျဉ်းသားတွေကို ဒေါ်အောင်ဆန်းစုကြည်က အားပေးစကား ပြောကြားရာမှာ အလုပ်ပြန်လုပ်ဖို့ရောက်လာလို့ ကြိုဆိုကြောင်းနဲ့ ယုံကြည်ချက်အတိုင်း ပြည်သူကို တန်ဖိုးထားပြီး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြဖို့အခုလိုတိုက်တွန်းပြောကြားသွားပါတယ်။

"အခု ကျမ လွတ်လာတဲ့သူတွေကို ကြိုဆိုတဲ့နေရာမှာ အလုပ်ပြန်လုပ်ဖို့ ရောက်လာလို့ ကြိုဆိုပါတယ်ဆိုတဲ့အခါကျတော့ ယုံကြည်ချက်ကို ဆက်ပြီးတော့ ခိုင်ခိုင်မာမာကိုင်ထားပါ။ ကိုယ့်ရဲ့ လိပ်ပြာ သန့်အောင်လို့ နေသွားပါ။ ပြည်သူကို လေးစားပါ။ ပြည်သူရဲ့ အမြင်ကို တန်ဖိုးထားပါ။ ပြည်သူတွေ ဘာလိုချင်လဲဆိုတာကို နားလည်ပါ။

"နိုင်ငံရေးလုပ်တယ်ဆိုတာ ပြည်သူရဲ့ရှေ့မှာ သိပ်ပြီး ရောက်နေလို့လည်းမဖြစ်ဘူး။ အနောက်ကို သိပ်ပြီး ရောက်နေလို့လည်း မဖြစ်ဘူး။ ဒီလို ပြောကြတယ်ဆိုတာကို အားလုံး သိပြီးသားပဲဖြစ်ပါတယ်။ ပြည်သူတွေနဲ့ တခါတလေ ကိုယ်က အရှေ့ကနေ နေပေးရတယ်။ သိပ်အရှေ့မရောက်ရဘူး ပြောရမယ်။ တကယ်ဆိုရင် အရှေ့က ခံပေးရမယ်ဆိုရင် အရှေ့က ခံပေးရမယ်။ အနောက်က ကာပေးရမယ်ဆိုရင် အနောက်က ကာပေးရမယ်။"

အရှေ့သိပ်ရောက်လွန်းရင် တော်ကြာအဆက်ပြတ်သွားမှာပေါ့။ အဆက်ပြတ်သွားရင် ကာကွယ်ဖို့ဆိုတာ လည်းမလွယ်ဘူး။နောက်မှာ ကျန်ရစ်ရင်လည်း ကာပေးဖို့ရာက မလွယ်ဘူး။ ဒါကြောင့်မို့ ပြည်သူတွေ ရှေ့ကိုလည်း သိပ်မရောက်ရဘူး။ အနောက်ကိုလည်း သိပ်မရောက်ရဘူး။ ပြည်သူတွေနဲ့ လက်တွဲပြီး သွားပြီတော့ ခံရမယ်ဆိုရင် အရှေ့ကပြေးခံလိုက် ကာရမယ်ဆိုရင် အနောက်က ကာဖို့လိုရင် အနောက်ကို ပြေးပြီး ကာလိုက်ပေါ့။

"ဒီလို စိတ်သဘောထားနဲ့ ကျမတို့ ဒီမိုကရေစီ ရဲဘော် ရဲဘက်တွေကို ဆက်ပြီးတော့ အလုပ်လုပ်သွားစေချင်ပါတယ်။ ကျမက (ဦးတင်ဦး၊ အဖွဲ့ချုပ် ဒု-ဥက္ကဌ) ဘာဘာလို ကြိုဆိုပါတယ်၊ ဂုဏ်ဂုဏ်မေတ္တာတွေ အပြည့်နဲ့ မပြောလို့ ဂရုဏာ မေတ္တာ မရှိတာမဟုတ်ပါဘူး။ ကျမတို့က လက်တွေ့ကျကျ အလုပ်လုပ်ရမယ့်ဟာတွေကို စောစောစီးစီး ကတည်းက ပြောထားတာပဲ ကောင်းတယ်လေ။ (ရယ်လျက်)။ အလုပ်လုပ်ဖို့ ကျမတို့ မျှော်လင့်နေပါတယ်ဆိုတာကို ကျမရိုးရိုး သားသားပြောတာပါ။

"ကျမတို့အားလုံးဟာ ယုံကြည်ချက်အပြည့်အဝနဲ့ ညီညီညွတ်ညွတ်နဲ့ တကယ်ယုံကြည်ချက်ကို အခြေခံပြီးတော့ လုပ်တဲ့ ရဲဘော်ရဲဘက်တွေဆိုတာ တကယ်ညီညွတ်မှုရှိတယ်။

ယုံကြည်ချက်ကို အခြေမခံဘဲနဲ့ ခံယူချက်ကို အခြေခံရင်တော့ ညီညွတ်မှုဆိုတာ ကွဲပြားတတ်ပါတယ်။ အဲဒီတော့ ကျမတို့ဟာ အတူတူအားလုံးလက်တွဲပြီးတော့ညီညီညွတ်ညွတ်နဲ့ကိုယ်လိုချင်တဲ့ပန်းတိုင်ကို လိပ်ပြာသန့်သန့်နဲ့ လွတ်လွတ်လပ်လပ်ကြီး အမြန်ဆုံးရောက်နိုင်ပါစေလို့ကျမအားလုံးကိုဆုတောင်းပေးလိုက်ပါတယ်။ကျေးဇူးတင်ပါတယ်။"


| | | | | | |
|---|---|---|---|---|---|
| ဒေါ်အောင်ဆန်းစုကြည်ကို အောက်ဆီဒေးအဖွဲ့က အမျိုးသမီးသတ္တိရှင်ဆုချီးမြှင့် | လူဆိုတာရောက်တဲ့ နေရာအရေးမကြီး၊ ကိုယ်ကျင့်တဲ့တရားပဲ အရေးကြီးတယ် | ၈၈ မျိုးဆက်ခေါင်းဆောင် ကိုမင်းကိုနိုင် မွေးနေ့ အခမ်းအနားကျင်းပကြ | နိုင်ငံရေးအကျဉ်းသားတွေကို စားစာခံမ လုပ်ဖို့ အထူးသံ ကင် တားနားတိုက်တွန်း | ရန်ကုန်ဝန်ကြီးများရုံး အဆောက်အဦးကို ဟိုတယ်လုပ်ရန် ဦးခင်ရွှေ ကမ်းလှမ်း | သမတထံ ဦးသိန်းစိန်ကို လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ရန် ထပ်မံတောင်းဆို |
| စာမျက်နှာ ၃ | စာမျက်နှာ ၇ | စာမျက်နှာ ၁၀ | စာမျက်နှာ ၁၂ | စာမျက်နှာ ၁၅ | စာမျက်နှာ ၁၈ |




# အာဆီယံဥက္ကဋ္ဌတာဝန်မပေးသင့်

မြန်မာနိုင်ငံတွင် နိုင်ငံရေး တိုးတက်ပြောင်းလဲမှုတွေ အထိုက်အလျောက်ဖြစ်ပေါ်နေပြီဟု ကမ္ဘာ့အမြင်မှာ ထင်မှားနေကြသည်၊ အနည်းအကျဉ်း တိုးတက်ပြောင်းလဲသည်မှာ မှန်သင့်သလောက်မှန်ပေမယ့် စစ်မှန်တဲ့ တိုးတက်ပြောင်းလဲမှုမဟုတ်ဟု သုံးသပ်သည်။

ထို့ကြောင့်လည်း မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံ လွှတ်တော်အမတ်များအဖွဲ့မှ မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌတာဝန်မပေးသင့်ဟု ဝေဖန်ထောက်ပြနေသည်။ အနိမ့်ဆုံးအဆင့် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရမည်၊ တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်နေမှုတွေ ချက်ခြင်းရပ်ပစ်ရမည်၊ သို့မဟုတ်ပါက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလမ်းကြောင်းပေါ်ကို လုံးဝမရောက်သေးဟုလည်း ပြောဆိုပါသည်။ မှန်ပါသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်ချိုးဖောက်မှုတွေ ဆက်ဖြစ်နေဆဲပါ။ တိုင်းရင်းသားများနှင့်လည်း ဆက်လက်တိုက်ပွဲတွေ ဖြစ်နေဆဲပါ။ ဒီအခြေအနေမှာ မြန်မာအစိုးရကို အာဆီယံဥက္ကဋ္ဌတာဝန်မပေးသင့်ဟု ယူဆသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သည့် အစိုးရသည် အာဆီယံအဖွဲ့ကြီးကို ဦးဆောင်နိုင်မည်ဟု မယုံကြည်ပါ။

ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်အဖြစ်နာမည်ကြီးသည့် စစ်အုပ်စုတဖြစ်လဲ အရပ်သားအစိုးရခေါ် ဦးသိန်းစိန်အစိုးရကို အာဆီယံဥက္ကဋ္ဌတာဝန်မပေးသင့်ပေ၊ ဒီလိုစနစ်ဆိုးထဲက သမတမျိုးကို အာဆီယံဥက္ကဋ္ဌရာထူးပေးမည်ဆိုပါက အာဆီယံအဖွဲ့၏ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကို သေးသိမ်သွားစေမှာဖြစ်ပါတယ်။ အာဆီယံနှင့်ဥရောပဆက်ဆံရေး၊ အာဆီယံနှင့်အနောက်နိုင်ငံများဆက်ဆံရေးတွေမှာပါအနှောင့်အယှက်ဖြစ်စေနိုင်သည်။ အာဆီယံဒေသ တိုးတက်ဖြစ်ထွန်းနေသည့် စီးပွားရေးအရှိန်အဟုန်လည်း ကျဆင်းသွားဖွယ်ရှိသည်။ အာဆီယံအဖွဲ့အတွင်း စည်းရုံးရေးကိုပါ ထိခိုက်နိုင်သည်။

ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သည့် အစိုးရတရပ်အနေဖြင့် အာဆီယံအဖွဲ့ကြီးကို မည်ကဲ့သို့ စည်းရုံးဦးဆောင်နိုင်မည်နည်းဟု မေးခွန်းထုတ်စရာဖြစ်သည်၊ အကယ်၍ မြန်မာနိုင်ငံတွင်စစ်မှန်သည့် အပြောင်းအလဲတွေ တိုးတက်ဖြစ်ထွန်းလာပြီး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတွေ အပြည့်အဝရရှိလာမည်။ လူထုဆန္ဒနှင့်အညီ သိက္ခာရှိရှိ အရပ်သားအစိုးရလည်း ပေါ်ပေါက်လာပါက အာဆီယံဥက္ကဋ္ဌရာထူးကို ယူသင့်သည်၊ မြန်မာနိုင်ငံအစိုးရသည် အာရှတွင်းရှိနိုင်ငံများကို သိက္ခာရှိရှိအရည်အချင်းပြည့်ဝစွာနှင့် ထူးခြားစွာ အစစဦးဆောင်နိုင်မည်ဟုယုံကြည်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့်လည်း အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတွေဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အာဆီယံအဖွဲ့ကြီးအနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သည့်နိုင်ငံရေး တိုးတက်ပြောင်းလဲမှုတွေအပေါ် အခြေခံပြီး လူထုဆန္ဒအရ၊ လူထုကြည်ညိုလေးစားသော စစ်မှန်သည့်အရပ်သားအစိုးရပေါ်ပေါက်လာမှသာ အာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာအစိုးရအား ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးနိုင်ကြောင်းတိုက်တွန်းရေးသားလိုက်သည်။

# ကလေးကြေညာစာတမ်းပါမူအတိုင်း အဲန်အယ်လ်ဒီ ဆက်လက်ရပ်ခံသွားမည်

**Mizzima ၊ အောက်တိုဘာ ၂၁ ။ ။** တိုင်းရင်းသားပေါင်းစုံ ပါဝင်သော ညီလာခံတခု ထပ်မံခေါ်ယူလိုသည့် တနစ် ကြာမြင့်ခဲ့ပြီဖြစ်သော ကလေးမြို့ ဆုံးဖြတ်ချက် ကြေညာစာတမ်းပါ မူများအတိုင်း ဆက်လက်ရပ်ခံသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။

"၂၁ ရာစု ပင်လုံညီလာခံ သို့မဟုတ် ပြည်ထောင်စုစိတ်ဓါတ်ညီလာခံကတော့ မဖြစ်ဖြစ်အောင် လုပ်ရမယ့်ကိစ္စပဲ။ အခုဖြစ်နေတာတွေလည်း tension လျော့အောင် ဝိုင်းဝန်းပြောကြဆိုကြ လှုပ်ရှားညှိနှိုင်းကြရမှာပဲလေ" ဟု မဇ္ဈိမကိုပြောသည်။

ဦးတင်ဦးနှင့်ဦးဝင်းတင် အပါအဝင် လွှတ်တော်ပြင်ပ တိုင်းရင်းသားပါတီများ၊ ဝါရင့်နိုင်ငံရေးသမားကြီးများ ၁၁ ဦး လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် အဆိုပါကြေညာစာတမ်းတွင် "မြန်မာနိုင်ငံကိုတပြည်ထောင်စနစ်လည်းမဟုတ်၊ ခွဲထွက်ရေးစနစ်လည်းမဟုတ်၊ ဒီမိုကရေစီနှင့် လူမျိုးတိုင်း တန်းတူအခွင့်အရေးကိုအခြေခံသော ဖယ်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန် တိုင်းရင်းသားပြည်သူအားလုံးအတူတကွ လက်တွဲပြီး ဒုတိယ ပင်လုံညီလာခံခေါ်ယူ ကျင်းပသွားကြရမည်။" ဟု ဖော်ပြပါရှိသည်။

၂၀၁၀ အောက်တိုဘာ ၂၄ ရက်နေ့တွင် ကျရောက်သည့်ဇိုမီးအမျိုးသားကွန်ဂရက် ZNC တည်ထောင်ခြင်း ၂၂ နှစ်ပြည့်တွင် 'ကလေးမြို့ဆုံးဖြတ်ချက် ကြေညာစာတမ်း'အား ထုတ်ပြန်လိုက်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသည်တွင် '၂၁ ရာစုပင်လုံညီလာခံ' ဟု ခေါ်တွင်လှုပ်ရှားလာခဲ့ကြသည်။

NLD ရုံးချုပ်တွင် ဟောပြောပွဲများ နီးနှောဖလှယ်ပွဲများ ပြုလုပ်ခဲ့ကြသော်လည်း လတ်တလောဖြစ်ပေါ်နေသည့် အရေးကိစ္စများနှင့် အလုပ်များနေကြောင်း သိရသည်။

ယခုနစ် ZNC နှစ်ပါတ်လည် အခမ်းအနားကိုလည်း ကလေးမြို့တွင် ကျင်းပရန် စီစဉ်ထားကာ NLD (CEC) နှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ALD တို့အား ဖိတ်ကြားထားပြီး NLD လူလတ်ပိုင်းခေါင်းဆောင်များတက်ရောက်နိုင်လိမ့်မည်ဟု သိရသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လက်ရှိအခြေအနေအပေါ် "အရေးအကြီးဆုံး နံပါတ်တစ်ကတော့ဗျာ ဒီလို ပစ်ခတ်တိုက်ခိုက်နေရင်တော့လည်း ဘယ်လိုလုပ်ပြီး ယုံကြည်မှုရမလဲ။ ဒါကြောင့် အပစ်ရပ်ကြပါ။ မူလနေရာ status quo ပြန်နေပြီးတော့ ဆွေးနွေးနိုင်မယ်ဆိုရင်တော့ အဖြေကောင်း ရနိုင်တယ်လို့ ပြောဆို လှုပ်ရှားနေတာတွေရှိပါတယ်" ဟု ဦးတင်ဦးက ပြောသည်။

လွှတ်တော်တွင်း ပါတီတခုဖြစ်သည့် ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ RNDP နှင့် ပုဂ္ဂိုလ်ချင်း ဆက်ဆံရေးတခု ရရှိထားပြီးစစ်ဘက်အပါအဝင် အခြားပါတီအဖွဲ့အစည်းများနှင့်ပါ common ground များတည်ဆောက်သွားခြင်းအားဖြင့် တတိုင်းပြည်လုံးစည်းလုံးညီညွတ်ရေးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဦးတင်ဦးကပြောသွားသည်။

# ဒေါ်အောင်ဆန်းစုကြည်ကို အောက်ဆီဒေးအဖွဲ့က အမျိုးသမီးသတ္တိရှင်ဆုချီးမြှင့်

**VOA ၊ အောက်တိုဘာ ၁၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဝါရှင်တန်ဒီစီအခြေစိုက် Oxi Dayအဖွဲ့ကြီး ကနေပြီးတော့ ပထမဦးဆုံး Oxi Day Crete တိုက်ပွဲဆု ချီးမြှင့်လိုက်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဟစ်တလာနဲ့ မူဆိုလိုနီတို့လို အင်အားကြီးတဲ့ အာဏာရှင်တွေကို ဂရိနိုင်ငံငယ်ကလေးက No လို့ အဓိပ္ပာယ်ရတဲ့ Oxi ဆိုတဲ့ ဝေါဟာရကို သုံးပြီးတော့ အာခံခဲ့ကြတာမှာ အမျိုးသမီးတွေပါဝင်ခဲ့တဲ့ အခန်းကဏ္ဍကို ဒီဆုက ဂုဏ်ပြုချီးမြှင့်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မြန်မာ့ဒီမိုကရေစီရရှိရေးနဲ့ လွတ်လပ်မှုအတွက် သတ္တိရှင်အမျိုးသမီးတဦးအနေနဲ့ အခုလို ဆုချီးမြှင့်တာဖြစ်ပါတယ်။ အကြောင်းစုံကိုဒေါ်ခင်မျိုးသက်က တင်ပြပါမယ်။

ဒုတိယကမ္ဘာစစ်အတွင်းကဂျာမနီနဲ့အီတလီဝင်ရိုးစွန်းတပ်တွေကို တွန်းလှန်ရာမှာ ဂရိနိုင်ငံ၊ ခရိကျွန်းမှာ ဖြစ်ပွားခဲ့တဲ့ ခရိတိုက်ပွဲမှာ အမျိုးသမီးထုရဲ့ အခန်းကဏ္ဍဟာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီအတွက် သတ္တိပြောင်မြောက်စွာ တွန်းလှန်နိုင်ကြသူတွေအဖြစ်နဲ့ မှတ်တမ်းအတင်ခံခဲ့ကြရပါတယ်။ ဒီလိုသတ္တိပြောင်မြောက်သူတွေကို မှတ်တမ်းတင်နိုင်ဖို့အတွက် ဝါရှင်တန်အခြေစိုက်၊ Oxi Day အဖွဲ့ကြီးက Oxi Day Crete တိုက်ပွဲဆု ချီးမြှင့်ဖို့ ဆုံးဖြတ်ခဲ့ပြီး ပထမဦးဆုံးအဖြစ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ဖို့ ရွေးချယ်လိုက်တယ်လို့ Oxi Day အဖွဲ့ ဥက္ကဋ္ဌ အဲန်ဒရူး၊ မွန်နားတို့စ်က ဗွီအိုအေကို ပြောကြားခဲ့ပါတယ်။

"သူ့ကို ကျနော်တို့ သိပ်ကို လေးစားမြတ်နိုးသလို သူဟာ အားကျအတုယူစရာတယောက်ပါ။ မြန်မာနိုင်ငံအတွက်သာ မကပါဘူး။ တကမ္ဘာလုံးအတွက်ပါ အားကျစေတဲ့ စံနမူနာပါ။ ဒုတိယကမ္ဘာစစ်ကြီးမှာဝင်ရိုးစွန်းနာဇီအာဏာရှင်ကို ဂရိနိုင်ငံက တွန်းလှန်ပြီးဒီမိုကရေစီနဲ့ လွတ်လပ်မှုအတွက် မီးရှူးတန်ဆောင်ကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကို ဒီကနေ့ခေတ်ဒီမိုကရေစီနဲ့လွတ်လပ်မှု မီးရှူးတန်ဆောင် ဆောင်ကျဉ်းနေသူအဖြစ် ကမ္ဘာတဝှမ်းကသတ်မှတ်ကြပါတယ်။ သူ့ရဲ့ စွန့်လွှတ်အနစ်နာခံမှုနဲ့ သတ္တိပြောင်မြောက်မှုအတွက် မှတ်တမ်းတင်နိုင်ဖို့ အခုလို ဂုဏ်ပြုဆုချီးမြှင့်လိုက်တာပါ"

လွန်ခဲ့တဲ့ ၂၁ နှစ်တာ ကာလအတွင်း ၁၅ နှစ်တာ အဖမ်းဆီးခံခဲ့ရတဲ့ကြားကပဲဒေါ်အောင်ဆန်းစုကြည်ဟာမြန်မာနိုင်ငံသား ၅၅သန်းအတွက် အင်အားတရပ်ဖြစ်နေသလို မျှော်လင့်ချက် အထိမ်းအမှတ်လည်းဖြစ်ခဲ့သူပါ။ ဒ့ါအပြင် လွတ်လပ်မှုအတွက် ရဲရဲဝံ့ဝံ့တွန်းလှန်သူအဖြစ်နဲ့ တကမ္ဘာလုံးက လေးစားမြတ်နိုးတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဒီဆုပေးအပ်ဖို့ အရင်အောက်လွှတ်တော် ဒီမိုကရက်ခေါင်းဆောင် နန်စီပေါ်လိုစီက (Nancy Pelosi) နာမည်စာရင်းတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဂရိ-အမေရိကန် အဖွဲ့ကြီးဖြစ်တဲ့ Oxi Day အဖွဲ့ဟာ နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ကျင်းပဖို့ရှိပြီး ဒီနှစ်အတွက် အထိမ်းအမှတ်မှာတော့ ဆု ၂ ခုပေးဖို့ ရှိပါတယ်။ အမျိုးသားအတွက် Oxi Day ဆုကို မကြာသေးခင်ကမှ အာရပ်ကမ္ဘာရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို စတင်ခဲ့တဲ့တူနီးရှားနိုင်ငံက လူ့အခွင့်အရေးလှုပ်ရှားသူ Jamel Bettaieb ကိုပေးအပ်မှာဖြစ်ပြီး အမျိုးသမီးအတွက် ပထမဆုံး Oxi Day ခရိစစ်ပွဲဆုကိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်မှာဖြစ်ပါတယ်။

"အမျိုးသမီးတွေ အတွက်ပေးတဲ့ ဆုကတော့ Battle of Crete ဆုပါ။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂရိနိုင်ငံ ခရိကျွန်းမှာ နာဇီဂျာမဏီတပ်တွေရဲ့ရန်ကိုတွန်းလှန်ခဲ့တုန်းကအမျိုးသမီးထုကသက်ကြီးရွယ်အိုတွေ၊ ကလေးတွေကို ဦးဆောင်ပြီး ရှပ်ရှပ်ချွန်ချွန် တိုက်ခိုက်ခဲ့တာကို ရည်ရွယ်ပြီးပေးတာပါ။ လွတ်လပ်မှုနဲ့ ဒီမိုကရေစီရဖို့ အင်အားကြီးတဲ့ သူကို အံတုဝံ့တဲ့ သတ္တိရှိသူကို ကမ္ဘာတဝှမ်း လိုက်ရှာတဲ့အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့ အဖွဲ့က တွေ့ပါတယ်"

လေထီးနဲ့ဆင်းပြီး ခရိကျွန်းကို သိမ်းပိုက်ဖို့ ကျိုးစားတဲ့ နာဇီတပ်သား အသေအပျောက် အများဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ရတဲ့ ခရိတိုက်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ အမျိုးသမီးတွေကို ရောမပုံပြင်ထဲက ဘီလူးကြီး ဂိုလိုင်းရတ် Goliath ကို လောက်လေးဂွနဲ့ တွန်းလှန်ခဲ့တဲ့ ဒေးဗစ် ရဲ့ ရဲစွမ်းသတ္တိရှိသူလို့ အထူးတင်စားကြပါတယ်။ ဒီလို အစွမ်းသတ္တိရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အောက်တိုဘာလ ၂၇ ရက်နေ့ ဝါရှင်တန်ဒီစီမှာ ကျင်းပမယ့် အောက်ဆီဒေး နှစ်ပတ်လည်အခမ်းအနားမှာ ဆုပေးဖို့ စီစဉ်ထားပါတယ်။

ဒီဆုကို အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားတဲ့ Burma Campaign အဖွဲ့တာဝန်ခံ ဦးအောင်ဒင်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လက်ခံရယူမှာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်က ဒီအခမ်းအနားအတွက် ဗီဒီယိုမိန့်ခွန်းပေးပို့ဖို့ ရှိတယ်လို့လည်း အောက်ဆီဒေး အဖွဲ့က ပြောပါတယ်။

---

# ဦးဝဏ္ဏမောင်လွင်ကို ဆန္ဒပြကန့်ကွက်

**DVB ၊ အောက်တိုဘာ ၂၁ ။** ။ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ဂျပန်အစိုးရက ဖိတ်ကြားတဲ့အပေါ် ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစု ၁၀၀ ကျော်က ဂျပန်နိုင်ငံခြားရေးဝန်ကြီးရုံးရှေ့မှာ ဆန္ဒပြ ကန့်ကွက်ကြပါတယ်။

မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ဖိတ်ကြားတဲ့ကိစ္စနဲ့ ပတ် သက်လို့ ဂျပန်အစိုးရ သဘောထားဟာ ဒီမိုကရေစီမဆန်ဘူးလို့ယူဆတဲ့အတွက် ကန့်ကွက်တာလို့ ဆန္ဒပြသူတွေက ပြောပါတယ်။

" မြန်မာကို ODA – Oversea Development Assistance (ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ) ပြန်ပေးမယ်လို့ ကြားနေတဲ့အတွက် အသေအချာစိစစ်ပြီးမှ ပေးဖို့ဆိုတာ တောင်းဆိုတယ်။ နိုင်ငံရေးအကျဉ်းသားတွေ အကုန်လုံးကို ပြန်လွှတ်ပေးဖို့ မြန်မာအစိုးရကို တောင်းဆိုပေးဖို့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ စစ်ပွဲတွေကိုလည်း ချက်ချင်းရပ်ဆိုင်းဖို့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်ကတဆင့် တိုက်တွန်းပေးဖို့ တောင်းဆိုကြပါတယ်။

ဆန္ဒပြပွဲ ဦးဆောင်သူတဦးဖြစ်တဲ့ ဦးမြတ်သူက ဦးသိန်းစိန်အစိုးရဟာ နိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံပုံစံမျိုးနဲ့ နိုင်ငံတကာဖိအားတွေကို သူတို့ရဲ့ အာဏာချိန်ခွင်လျှာပေါ်မှာ မူတည်ပြီးတော့ လွှတ်ပေးလိုက် ဖမ်းလိုက်နဲ့ ကစားနေတာလို့ ပြောပါတယ်။

ဦးမြတ်သူက "ဦးသိန်းစိန်အနေနဲ့ ဒီမိုကရေစီကို ပြောင်းချင်တယ်ဆိုရင် ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့သူတွေကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးတဲ့လုပ်ငန်းက စရမှာပေါ့" လို့ ပြောပါတယ်။

**စာမျက်နှာ ၅ သို့**

# အစိုးရဝါဒ သဘောမတူခြင်း

## အကြောင်း ( သတ္တမ နဲ့ နောက်ဆုံး ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ အစိုးရဝါဒ သဘောမတူခြင်း အကြောင်း ဟောပြောချက် သတ္တမနဲ့ နောက်ဆုံးပိုင်းကို ဖော်ပြလိုက်ပါတယ်။

စိတ်ကူးစိတ်သန်းနဲ့ စံနမူနာကောင်းရဖို့ ကမ္ဘာတဝှမ်းကို ကြည့်လိုက်တဲ့အခါ ကျမတို့ဟာ ကျမတို့နဲ့ကပ်နေတဲ့ အိမ်နီးချင်း အိန္ဒိယနိုင်ငံကိုဘက်ကို လှည့်သွားမိတာ သဘာဝဖြစ်နေတယ်။ ကျမတို့ဟာ အိန္ဒိယလွတ်လပ်ရေး လှုပ်ရှားမှုရဲ့ ပဟာဗျူဟာနဲ့ နည်းဗျူဟာတွေကိုရော သူတို့ခေါင်းဆောင်တွေရဲ့ ဒဿနနဲ့ အတွေးအမြင်တွေကိုရော လေ့လာ ဆန်းစစ်ပါတယ်။

သက်ဆိုင်နိုင်တဲ့အချက် သို့မဟုတ် အသုံးဝင်နိုင်တဲ့အချက်ကို ရှာဖွေပါတယ်။ လူထုကို ပြောရေးဆိုခွင့် ပိတ်ပင်တဲ့ အာဏာရှင် အုပ်ချုပ်ရေးပုံစံတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ပြောင်းလဲချင်တဲ့သူတွေရဲ့အလုပ်လုပ်ကိုင်ပုံစနစ်မှာ ဂန္ဒီရဲ့ အကြမ်းမဖက် အာဏာဖီဆန်ရေးဩဝါဒတွေကရော သူ့ရဲ့သဘောတရားကို သူလက်တွေ့အကောင်အထည် ဖော်ပုံဖော်နည်းကရော နေရာယူထားပါပြီ။

ကျမဟာ အကြမ်းမဖက်ရေးလမ်းစဉ်ကို စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမယ့် တချို့ ပုဂ္ဂိုလ်တွေယူဆသလို ကိုယ်ကျင့်တရားအမြင်ကိုအကြောင်းရင်းခံတာ မဟုတ်ပါဘူး။ လက်တွေ့ နိုင်ငံရေးအမြင်ကို အကြောင်း ရင်း ခံတာသာ ဖြစ်ပါတယ်။ ဒါဟာ အကြမ်းမဖက်ရေးနဲ့ပတ်သက်လို့ ဂန္ဒီရဲ့ ဆဋ္ဌဂါရာဟ လမ်းစဉ် သို့မဟုတ် မာတင်လူသာကင်းရဲ့ နိုင်ငံသား အခွင့်အရေးလမ်းစဉ်မှာ တွေ့ရတယ်လို့ ပြောဆိုချက်ရှိခဲ့ပြီး အဓိပ္ပါယ်ဝေဝါးတဲ့ သို့မဟုတ် လက်တွေ့လိုက်တဲ့ သို့မဟုတ် နည်းမျိုးစုံရောနှောတဲ့ ကျင့်သုံးပုံ ကျင့်သုံးနည်းတွေနဲ့ တထပ်တည်းမဟုတ်ပါဘူး။ ဒါဟာ အကြမ်းဖက်တဲ့နည်းအားဖြင့် အစိုးရ အပြောင်းအလဲဖြစ်စေတဲ့ အစဉ်အလာကို ရပ်စဲပြစ်မှ ဖြစ်မယ်ဆိုတဲ့ ကျမရဲ့ မမိုတ်မသုန်ယုံကြည်ချက်ကို အခြေခံတာမျှသာဖြစ်ပါတယ်။ ဒီအစဉ်အလာဟာ မြန်မာ့နိုင်ငံရေးမှာ ပြီတစ်ရွှံ့ရွှံ့နဲ့ အနာကြီးလို ဖိစီးလာတဲ့ အစဉ်အလာပါ။

၁၉၈၈ ခုနှစ် လူထုအုံကြွမှုကို စစ်တပ်ကချေမှုန်းရာမှာ လက်နက်မဲ့ ဆန္ဒပြသူတွေကို မည်သူမည်ဝါ ခွဲခြားခြင်းမရှိ သို့မဟုတ်အဆင်အခြင် အထိန်းအသိမ်းမရှိ ရက်ရက်စက်စက်ပစ်ခတ် သတ်ဖြတ်လိုက်တုန်းက ရာနဲ့ချီတဲ့ ကျောင်းသားတွေနဲ့ တခြားလှုပ်ရှားသူတွေဟာနယ်စပ်ကို ဖြတ်ပြီး ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးခဲ့ကြပါတယ်။ အဲဒီ ကျောင်းသားတွေထဲက အများအပြားဟာ သေနတ်နဲ့လူလုပ်သူကိုသေနတ်နဲ့အနိုင်ယူမှသာ ရနိုင်တယ်လို့ ယုံကြည်ကြပြီး ဒီမိုကရေစီရေးအတွက် ကျောင်းသားတပ်မတော်ကြီးကို ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သူတို့ရွေးချယ်တဲ့လမ်းကို ကျမ ဘယ်တုန်းကမှ မရှုတ်ချခဲ့ပါဘူး။ ဘယ်သောအခါမှလည်း ရှုတ်ချမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဖိနှိပ်ချုပ်ချယ်တဲ့ အုပ်ချုပ်မှုအောက်က လွတ်မြောက်ဖို့တခုတည်းသောလမ်းဟာ လက်နက်ကိုင်တော်လှန်ရေးလမ်းသာလျှင်ရှိတယ်လို့ ဆုံးဖြတ်ဖို့ရာ သူတို့အတွက်လုံလောက်တဲ့အကြောင်း ရှိခဲ့လို့ ဖြစ်ပါတယ်။ သို့သော်လည်းဘဲ ကျမကိုယ်တိုင်ကတော့ အဲဒီလမ်းကို ပယ်ချပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလမ်းဟာ ကျမရဲ့ တိုင်းပြည်ကို ကျမသွားစေချင်တဲ့ နေရာရောက်အောင်ပို့မယ်လို့ ကျမ မယုံကြည်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

မတရားကြီးစိုးလွှမ်းမိုးမှုအောက်က မိမိတို့လွတ်မြောက်ဖို့လက်နက်ကိုင်စွဲသူတွေကို လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေလို့ ရှုမြင်ကြပါတယ်။ သူတို့ဟာ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ကြောင့် သော်၎င်း၊ဝါဒသဘောတရား အမြင်ကြောင့်သော်၎င်း၊ တိုင်းပြည် တပြည်လုံး သို့မဟုတ် ပြည်သူတရပ်လုံးရဲ့အရေးအတွက် တိုက်ပွဲဝင်နေကြတာဖြစ်နိုင်ပါတယ် ဒါမှမဟုတ် တန်းတူညီမျှရေးနဲ့ လူ့အခွင့်အရေးလိုလားချက်ကြောင့်လူမျိုး သို့မဟုတ် လူမျိုးစု သို့မဟုတ်ဘာသာ အယူဝါဒအခြေခံတဲ့ သီးခြားပြည်သူအုပ်စုတစုရဲ့ အရေးအတွက် တိုက်ပွဲဝင်နေကြတာဖြစ်နိုင်ပါတယ်။ သူတို့အားလုံးဟာ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေကြတာဖြစ်ပါတယ်။

လက်နက်ကိုင်စွဲမှု မပါဝင်တဲ့အခါမှာတော့ လှုပ်ရှားသူဆိုတဲ့ အမည်ဟာ နိုင်ငံရေးအခြေခံမှု တခုအတွက် တိုက်ပွဲဝင်နေသူတွေကို ခေါ်တဲ့ ယေဘုယျ အမည်ဖြစ်လာတဲ့ လက္ခဏာရှိပါတယ်။ နိုင်ငံသားအခွင့်အရေးအတွက် လှုပ်ရှားသူများ၊ လူမျိုး အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးအတွက် လှုပ်ရှားသူများ၊ လူ့အခွင့်အရေးအတွက် လှုပ်ရှားသူများ၊ ဒီမိုကရေစီရေးအတွက် လှုပ်ရှားသူများ စသဖြင့်ဖြစ်ပါတယ်။ အဲဒီတော့ ကျမတို့ဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက် အစဉ်တစိုက် အရေးဆိုနေကြတာဖြစ်တဲ့အတွက် နောက်ဆုံး အမျိုးအစားနစ်ခုမှာ ပါဝင် ပါသလား။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုမှာ ပါဝင်နေကြတဲ့ ကျမတို့တတွေဟာ ဒီမိုကရေစီရေးအတွက် လှုပ်ရှားသူများဖြစ်တယ်လို့ပြောရင် မှန်ကန်မှာပါ။ ဒါပေမယ့် ကျမတို့ တိုက်ပွဲရဲ့ အရေးကြီးတဲ့သဘောသဘာဝကို ပြည့်ပြည့်ဝဝ ဖော်ပြနိုင်ဖို့အတွက်ကတော့ ဒီစကားအသုံးအနှုံးဟာ ကျဉ်းမြောင်းလွန်းအားကြီးနေပါတယ်။ သမတ Suharto လက်အောက် Indonesia နိုင်ငံကို စစ်တပ်အာဏာ ရှင်စနစ်အောက်မြန်မာနိုင်ငံနဲ့ နှိုင်းယှဉ်သုံးသပ်သူ ပညာရှင်တယောက်က မြန်မာနိုင်ငံရဲ့ အဖြစ်အပျက်မှာ စစ်တပ်ဟာ (အရပ်သား နိုင်ငံရေးလောကရဲ့ လက်ထဲက အာဏာကိုသိမ်းယူခဲ့တာ) လို့ ရေးခဲ့ပါတယ်။

ဒီ နက်ရှိုင်းတဲ့အမြင်နဲ့ သုံးသပ်ချက်ကို ကြည့်မယ်ဆိုရင် NLD အဖွဲ့ချုပ်ရဲ့ လုပ်ငန်းဟာ နိုင်ငံရေးဆောင်ရွက်ရာမှာ ပါဝင်ရုံမျှမဟုတ်ကြောင်း၊ အရပ်သားတွေဟာ သူတို့ရဲ့ပိုင်ခွင့်ဖြစ်တဲ့ အခန်းကဏ္ဍကို ရပိုင်ခွင့် အာမခံချက်ရှိနိုင်အောင် ကျမတို့ လူ့ဘောင်အဖွဲ့အစည်းရဲ့ အခြေခံအဆောက်အအုံတခုလုံးကို ပြန်လည်တည်ဆောက် ဖို့ဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါတယ်။ ကျမတို့ဟာ အတိုက်အခံပါတီတခုရဲ့ လုပ်

**စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ မှ**

ငန်းလို့ ယူဆနိုင်တဲ့ အစိုးရတဖွဲ့နေရာမှာ အခြားအစိုးရတဖွဲ့ကို အစားထိုးရုံမျှ လုပ်ငန်းကို လုပ်ကိုင်နေခဲ့တာ မဟုတ်ပါဘူး။

နိုင်ငံရေးလှုပ်ရှားသူတွေရဲ့ အလုပ်ဘဲလို့ မျှော်လင့်ထားမှု ရှိနိုင်သလို စနစ်ကြီးအတွင်းမှာ ဟိုအချက် ဒီအချက် အပြောင်းလဲပြင် ဆင်ပေးပါရယ်လို့ အရေးဆိုရုံမျှ လုပ်ကိုင်နေတာလည်း မဟုတ်ပါဘူး။ ကျမတို့ရဲ့ ပြည်သူလူထုကြီးအတွက် ကျမတို့ရဲ့ လိုအင်ဆန္ဒပေါင်းစုံ အကျုံးဝင်တဲ့ အခြေခံမှုကြီးတခုအတွက် အလုပ်လုပ်နေတာ အသက်ရှင်နေတာဖြစ်ပါတယ်။တကယ်ဆိုတော့ကျမတို့ရဲ့လိုအင်ဆန္ဒတွေဟာ အခြားအခြားသော နိုင်ငံတွေက ပြည်သူလူထုတွေရဲ့ လိုအင်ဆန္ဒတွေနဲ့ အလွန်အမင်း ခြားနားခြင်းမရှိပါဘူး။

စစ်အစိုးရက ကျမတို့ကို အခြား ကမ္ဘာ့ပြည်သူတွေနဲ့အဆက်အသွယ် ကင်းကွာအောင် အပြင်းအထန်ကြိုးစားပေမယ့် ကျမတို့ဟာ ကျမတို့ရဲ့ တိုက်ပွဲမှာ တကိုယ်တည်း အထီးကျန်နေတဲ့ ခံစားချက်ကို တခါမှမခံစားခဲ့ပါဘူး။ အဲဒီလို မခံစားရတာက ဘာကြောင့်လည်းဆိုတော့ လူထုကို ပြောရေးဆိုခွင့် ပိတ်ပင်တဲ့ အာဏာရှင်အုပ်ချုပ်ရေးစနစ်နဲ့ ဖိနှိပ်ချုပ်ချယ်မှုကို ဆန့်ကျင်တဲ့ တိုက်ပွဲဟာ လူသားလောကကမ္ဘာကြီးတခုလုံးမှာ ပျံ့နှံ့ပြီး နိုင်ငံရေးနယ်နမိတ်နဲ့ ယဉ်ကျေးမှုနယ်နိမိတ်တွေကို ဖြတ်ကျော်နေလို့ ဖြစ်ပါတယ်။

ကျမ နေအိမ်အကျယ်ချုပ်နဲ့ နေရစဉ် နှစ်တွေ အတွင်းတုန်းက အပြင်လောကကြီးနဲ့ ကျမရဲ့ အဆက်အသွယ်ဖြစ်တဲ့ ရေဒီယိုကြောင့် ကျမဟာ ကျမနေထိုင်တဲ့ လမ်းထိပ်ကိုရောက်ဖို့ လွယ်ကူသလောက် ကမ္ဘာကြီးရဲ့အစွန်အဖျားကို ရောက်ဖို့လွယ်ကူခဲ့ပါတယ်။ ဘာလင်တံတိုင်းကြီးဖြိုချလိုက်တဲ့အကြောင်း၊ ဆိုဗီယက်အုပ်စုပြိုကွဲသွားတဲ့ အကြောင်း၊ ချီလီနိုင်ငံမှာ အခြေခံဥပဒေပြောင်းလဲရေး ဆောင်ရွက်ကြပုံအကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှာ ဒီမိုကရေစီစနစ် ထူထောင်မှုတိုးတက်နေပုံအကြောင်း၊ တောင်အာဖရိကနိုင်ငံမှာ လူမျိုး အသားအရောင်ခွဲခြားမှုစနစ် ဖျက်သိမ်းခဲ့ပုံအကြောင်းတွေကို ကျမ သိခဲ့ရတာ ရေဒီယိုကတဆင့် ဖြစ်သလိုပါဘဲ။

ကျမရဲ့အိမ်နဲ့ကပ်နေတဲ့ အနီးပတ်ဝန်းကျင်မှာ NLD အဖွဲ့ချုပ်က ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်းကို ကျမ ကြားခဲ့ရတာဟာ ရေဒီယိုကတဆင့် ဖြစ်ပါတယ်။ ကျမရဲ့မိသားစုဆီကပို့လို့ ပြတ်တောင်းပြတ်တောင်း ကျမရခဲ့တဲ့ စာအုပ်တွေအထဲမှာ Vaclav Havel ရေးတဲ့ ကျမ်းတွေ၊ Zakharov ရဲ့ ဘဝမှတ်တမ်းတွေ၊ Nelson Mandela နဲ့ Winnie Mandela တို့ရဲ့ အထ္ထုပ္ပတ္တိတွေ၊ Timothy Garton ရဲ့ အရေးအသားတွေ၊ ပါဝင်ခဲ့ပါတယ်။ ဥရောပမှာဖြစ်ဖြစ် တောင်အာဖရိကမှာဖြစ်ဖြစ် တောင်အမေရိကမှာဖြစ်ဖြစ် အာရှမှာဖြစ်ဖြစ် တရားမျှတမှုနဲ့လွတ်လပ်မှုကို တောင်းဆိုနေကြတဲ့ ပြည်သူလူထုတွေရှိကြတဲ့ နေရာတိုင်းမှာ ကျမတို့ရဲ့ မိတ်ဆွေတွေနဲ့ မဟာမိတ်တွေ ရှိကြပါတယ်။

ကျမ နေအိမ်အကျယ်ချုပ်က လွတ်လာတဲ့အခါမှာ တောင်အာဖရိကနိုင်ငံက လူမဲပြည်သူတွေရဲ့ သတ္တိဇွတ္တိနဲ့ ဒုက္ခသုက္ခများ အကြောင်း၊ အမုန်တရားနဲ့အညီ နေထိုင်ခြင်းအကြောင်း၊ အင်အားမဲ့သူတို့ရဲ့ အင်အားအကြောင်း၊ ကျမတို့ရဲ့တိုက်ပွဲဟာ ကျမတို့ရဲ့ဘဝဖြစ်သလို သူတို့ရဲ့တိုက်ပွဲဟာ သူတို့ရဲ့ဘဝ ဖြစ်တယ်လို့ ယုံကြည်ကြသူတွေဆီက ကျမတို့ယူနိုင်တဲ့ သင်ခန်းစာများအကြောင်းတွေကို အခွင့်အခါသင့်တိုင်း ကျမတို့ရဲ့အဖွဲ့ဝင်တွေကို ကျမပြောခဲ့ပါတယ်။

ကျမဟာ အရှေ့ဥရောပနိုင်ငံများက ဒီမိုကရေစီရေးလှုပ်ရှားမှုအကြောင်းကို မကြာခဏ ပြောခဲ့လို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျမကို Dissident (အစိုးရ ဝါဒ ဝေဖန်သူ) တယောက်ရယ်လို့ ခေါ်ဝေါ် သုံးနှုန်းလာကြပါတယ်။ မူလက Vaclav Havel ဟာ Dissident (အစိုးရဝါဒ) ဝေဖန်သူဆိုတဲ့ ဝေါဟာရကို ကျေနပ်အားရ ရှိခဲ့ဟန် မတူပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီဝေါဟာရဟာ (Czechoslovakia) နိုင်ငံက လူ့အ ခွင့်အရေးလှုပ်ရှားမှုမှာ ပါဝင်တဲ့ သူနဲ့ အခြားသူတွေကို အနောက်တိုင်း သတင်းသမားတွေက ခတ်နှိပ်ခဲ့တဲ့ တံဆိပ်ဖြစ်လို့ပါဘဲ။

အဲဒီနောက်မှာ သူက သူ့တိုင်းပြည်မှာ ဖြစ်ပျက်နေတာတွေနဲ့ အဆက်အစပ်ပြုပြီး အစိုးရဝါဒဝေဖန်သူတွေနဲ့ အစိုးရဝါဒ ဝေဖန်ရေးလှုပ်ရှားမှုကို ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုသင့်ကြောင်း အသေးစိတ်ရှင်းလင်းခဲ့ပါတယ်။ သူ့ရဲ့ယုံကြည်ချက်က အစိုးရ ဝါဒဝေဖန်ရေးလှုပ်ရှားမှုတခုရဲ့အခြေခံလုပ်ငန်းဟာအမှန်တရားရဲ့အကျိုးအတွက်ရွက်ဆောင်ဖို့ဖြစ်တယ်။ ဆိုလိုတာက လူ့ဘဝရည်ရွယ်ချက် အစစ်အမှန်တွေရဲ့ အကျိုးအတွက်ရွက်ဆောင်ဖို့ဖြစ်တယ်။ အဲဒီလို ဆောင်ရွက်ကြိုးပမ်းမှုဟာ လူပုဂ္ဂိုလ်အသီး သီးနဲ့သူတို့ရဲ့ လွတ်လပ်ပြီး အမှန်တရားနဲ့ညီတဲ့ ဘဝနေထိုင်ပိုင်ခွင့်ကို ကာကွယ်မှုအဆင့်ရောက်အောင် တိုးတက်သွားသင့်တယ်။ ဆိုလိုတာက လူ့အခွင့်အရေး ကာကွယ်မှုနဲ့ တရားဥပဒေလေးစားရေးအတွက် တိုက်ပွဲဝင်မှုတို့ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ပါဘဲ။

ဒီလိုဖွင့်ဆိုပုံဟာ လွန်ခဲ့တဲ့နှစ်တွေမှာ NLD အဖွဲ့ချုပ်က ဆောင်ရွက်နေခဲ့တာဖြစ်တဲ့ လုပ်ငန်းတွေကို အင်မတန် အားရဖွယ်ကောင်းလောက်အောင် ဖော်ပြနေသလား မှတ်ခဲ့ရလို့ ကျမတို့ဟာ အစိုးရဝါဒဝေဖန်သူတွေ ဖြစ်တယ်ဆိုတာကို ကျမကျေကျေနပ်နပ် လက်ခံခဲ့ပါတယ်။ အာဏာပိုင်တွေရဲ့မျက်လုံးနဲ့ကြည့်ပြီး မြင်တဲ့ ကျမတို့ပါတီရဲ့ တရားဝင်အနေအထားဟာ အရေးမကြီးလှပါဘူး။

ဘာကြောင့်လည်းဆိုတော့ အစိုးရဝါဒ ဝေဖန်သူတွေအနေနဲ့ ကျမတို့ရဲ့ အခြေခံလုပ်ငန်းဟာ လွန်ခဲ့တဲ့ နှစ်တွေမှာရှိခဲ့တဲ့ အနှစ်သာရအတိုင်း တည်မြဲနေပြီး ကျမတို့ရဲ့ အစိုးရဝေဖန်ရေး ရည်ရွယ်ချက်တွေဟာလည်း လွန်ခဲ့တဲ့နှစ်တွေမှာရှိခဲ့တဲ့ အနှစ်သာရအတိုင်းတည်မြဲနေလို့ ဖြစ်ပါတယ်ရှင်။

---

**စာမျက်နှာ ၃ မှ**

တိုင်းရင်းသားဒေသက စစ်ပွဲတွေနဲ့ပတ်သက်လို့လည်း ဦးမြတ်သူက အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို လိုချင်တယ်လို့ ပြောတယ်ဆိုရင် တိုင်းပြည်ငြိမ်းချမ်းမှ ရမယ်လို့ ပြောပါတယ်။

ဦးမြတ်သူက "တိုင်းပြည် ဘယ်ငြိမ်းချမ်းမလဲ။ သူတို့ကိုယ်တိုင်က တိုင်းရင်းသားဒေသတွေမှာ စစ်တွေ ဆင်နွှဲနေမှတော့ တိုင်းပြည်က ငြိမ်းချမ်းစရာ အကြောင်းမရှိဘူး။ တိုင်းပြည်တကယ် စီးပွားရေး တိုးတက်ချင်တယ် ငြိမ်းချမ်းချင်တယ်ဆိုရင် ပြည်တွင်းစစ်ကို ရပ်ရမယ်"လို့ ပြောပါတယ်။

ဆန္ဒပြသူတွေက ဂျပန်အစိုးရထံ တောင်းဆိုစာပေးတာကို သံရုံးက လက်ခံယူဆောင်ခြင်းမရှိလို့ စာတိုက်က ထည့်မယ်လို့ ဆိုပါတယ်။ မနက်ဖြန်ကျရင်လည်း မြန်မာ့ဒီမိုကရေစီအင်အားစုတွေဟာ ဂျပန်နိုင်ငံမှာရှိတဲ့ မြန်မာသံရုံးရှေ့မှာ ဆန္ဒပြဖို့ ပြင်ဆင်နေကြပါတယ်။

# လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဒေါ်အောင်ဆန်းစုကြည်ကြိုဆို

**VOA ၊ အောက်တိုဘာ ၂၁ ။** ။ မကြာသေးခင်က အကျဉ်းထောင်တွေတွင်းက လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ကြိုဆိုပြီး နိုင်ငံရေးကို ခံစားချက်နဲ့မလုပ်ဘဲ ယုံကြည်ချက်နဲ့လုပ်ကြဖို့အတွက် မြန် မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။ ဒီကနေ့ ရန်ကုန်က NLD ရုံးချုပ်မှာပြုလုပ်တဲ့ ဝါရင့်နိုင်ငံရေးသမားကြီးတွေကို ဂါရဝပြုပွဲနဲ့ လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားများကြိုဆိုပွဲတွင်း အခုလို တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ ဒီအကြောင်း အပြည့်အစုံကို မသင်းသီရိက တင်ပြထားပါတယ်။

ဒီကနေ့ အောက်တိုဘာ ၂၁ ရက် မနက်ပိုင်းက ရန်ကုန်၊ ဗဟန်း ရွှေဂုံတိုင်မှာရှိတဲ့ NLD ပါတီရုံးချုပ်မှာ မကြာသေးခင်ရက်ကမှ အကျဉ်ထောင်တွေတွင်းက လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ကြိုဆိုတဲ့ပွဲနဲ့အတူ ဝါရင့်နိုင်ငံရေးသမားကြီးတွေကို ဂါရဝပြုတဲ့ပွဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အားလုံးဟာ အမှန်တရားကို အခြေခံထားတဲ့ ယုံကြည်ချက်တွေကို ခိုင်ခိုင်မာမာဆက်လက်စွဲကိုင်ရင်း အလုပ်ဆက်လုပ်ကြဖို့ အဓိက တိုက်တွန်းခဲ့ပါတယ်။

"ကျမတို့က နိုင်ငံရေးလုပ်တယ်ဆိုတာ ယုံကြည်ချက်နဲ့လုပ်ရမယ်။ ခံစားချက်နဲ့မလုပ်ရဘူး။ ဒါကြောင့်မို့ယုံကြည်ချက်နဲ့ ခံစားချက်နဲ့ မတူဘူးဆိုတာ ကျမတို့ နားလည်ဖို့လိုပါတယ်။ အဲဒီတော့ ယုံကြည်ချက်ဆိုတာဟာ အမှန်တရားပဲ။ ကိုယ်မှန်ကန်တယ်လို့ ထင်တာကို ကိုယ်ယုံကြည်တယ်။ မှန်တယ်လို့ ယုံကြည်ရဲ့သားနဲ့ စွဲစွဲမြဲမြဲမကိုင်ထားဘူးဆိုရင် ကိုယ့်လိပ်ပြာကို ကိုယ်ဘယ်လိုလုပ်ပြီးတော့ ရင်ဆိုင်မှာလဲ။ တကယ် ကိုယ့်လိပ်ပြာမလုံတဲ့အလုပ်ကို လုပ်မယ်ဆိုရင် အကျဉ်းထောင်ထဲမှာပဲ ဖြစ်စေ၊ အကျဉ်းထောင် အပြင်မှာပဲဖြစ်စေ တကယ် လွတ်မြောက်တယ်ဆိုတာ မရှိနိုင်ပါဘူး။ ငါ လိပ်ပြာသန့်သန့်နဲ့ ငါ မှန်တယ်ထင်တဲ့ကိစ္စကို ငါ လုပ်နေတယ်၊ လုပ်လည်းလုပ်ခဲ့တယ်၊ နောက်လည်း ဆက်ပြီးတော့ လုပ်သွားမယ်ဆိုတဲ့ အားလုံးက ချီတက်သွားနိုင်မယ်ဆိုရင် မလွဲမသွေ ကျမတို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်မှာပါ။ သံသယ လုံးဝမရှိနိုင်ပါဘူး။"

ဒ့ါအပြင် ပြည်သူရဲ့ဆန္ဒ၊ ပြည်သူရဲ့အသံနဲ့ အမြင်တွေကိုတန်ဖိုးထားကြဖို့နဲ့ ပြည်သူနဲ့ တသားတည်းရှိဖို့ကိုလည်းထောက်ပြခဲ့ပါတယ်။

"အလုပ်ပြန်လုပ်ဖို့ ရောက်လာလို့ ကြိုဆိုပါတယ် ဆိုတဲ့အခါကျတော့ ပြည်သူကို လေးစားပါ။ ပြည်သူရဲ့ အမြင်ကို တန်ဖိုးထားပါ။ ပြည်သူတွေ ဘာလိုချင်တယ်ဆိုတာကိုနားလည်ပါ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ပြည်သူရဲ့ရှေ့မှာ သိပ်ပြီးရောက်နေလို့လည်းမဖြစ်ဘူး။ နောက်မှာ သိပ်ပြီးရောက်နေလို့လည်း မဖြစ်ဘူးဆိုတာ၊ ဒီလို ပြောကြတယ်ဆိုတာအားလုံးသိပြီးသားပဲဖြစ်ပါတယ်။ တချို့တွေက ပြောတယ်ပေ့ါနော်၊ မြန်မာနိုင်ငံသူနိုင်ငံသားတွေဟာနိုင်ငံရေးနားမလည်ဘူး။ ဒါကတဘက်ကနေ ကြည့်ရင်လည်း ဟုတ်နိုင်ပါတယ်။ သူတို့ ပလေတိုလည်းမသိဘူး။ အရစ္စတိုတယ်လည်းမသိဘူး။ ဒီလိုဟာမျိုး ဖြစ်နိုင်ပါဘူး။ နိုင်ငံရေးဝေါဟာရတွေ မကျွမ်းကျင်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သူဟာ ဖြောင့်မတ်တယ်ဆိုတာကို သူတို့သိတယ်။ ဘယ်သူ့ကို သူတို့ယုံကြည်ရမယ်ဆိုတာ သူတို့သိတယ်။ ဘယ်သူ့ကို သူတို့ တန်ဖိုးထားရမယ်ဆိုတာ သိတယ်။ အဲဒီလောက် သိပြီဆိုရင်ဒါ နိုင်ငံရေးအများကြီးနားလည်တယ်လို့ ကျမတို့သတ်မှတ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ ဒီနိုင်ငံကိုဦးဆောင် တဲ့သူများဟာ ဖြောင့်မတ်ရမယ်၊ အားကိုးသင့်တဲ့သူများ ဖြစ်ရမယ်။ လုပ်ရည်ကိုင်ရည်ပြည့်စုံတဲ့သူများဖြစ်ရမယ်။ အဲဒါကို ပြည် သူပြည်သားတွေကသိတယ်။ ဒါကြောင့် ကျမတို့အားလုံးဟာ ယုံကြည်ချက်အပြည့်အဝနဲ့ ညီညီညွတ်ညွတ်နဲ့ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို လိပ်ပြာသန့်သန့်နဲ့ အမြန်ဆုံးရောက်နိုင်ပါစေလို့ ကျမအားလုံးကို ဆုတောင်းပေးလိုက်ပါတယ်။"

ဒါကတော့ ဒီကနေ့မနက် NLD ရုံးချုပ်မှာပြုလုပ်ခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုကြိုဆိုပွဲမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ မိန့်ခွန်းထဲက တစိတ်တပိုင်းဖြစ်ပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးတွေဖြစ်တဲ့ ဦးနိုင်ငွေသိန်း၊ သခင်လှကွန်း၊ ဦးသာပန်း၊ ဗိုလ်အောင်နိုင်၊ ဦးအုန်းမောင် (ရွှေတောင်) ဦးထွေးမြင့်၊ ဦးကျော်စိန်စတဲ့ ဝါရင့်နိုင်ငံရေးသမားကြီးတွေကို ဂါရဝပြုတဲ့ ပွဲအပြီး မကြာသေးခင်ကမှ လွတ်လာတဲ့နိုင်ငံရေးအကျဉ်းသားတွေကို ကြိုဆိုပြီး ထောက်ပံ့ကြေးနဲ့ လက်ဆောင်ပေးတာတွေ ပြုလုပ်ခဲ့ပါတယ်။ အထူးသဖြင့် သူတို့တွေရဲ့ ဘဝတွေ ပြန်လည်ထူထောင်ရေး အတွက် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေးတွေ လိုအပ်သလို အကျဉ်းထောင်တွင်းမှာ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်လွတ်လာဖို့လည်း အရေးကြီးတယ် လို့ NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

"အခုချိန်မှာ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတချို့ လွတ်လာတယ်။ အချို့က ကျန်နေတယ်။ အဲဒီတော့ ကျန်နေသေးတဲ့ ပုဂ္ဂိုလ်တွေလွတ်မြောက်ဖို့အတွက် အခုလွတ်မြောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာတိုင်းပြည်အတွက် အွန္တရာယ်မရှိဘူး၊ ဒီမိုကရေစီရေးကို ရိုးသားစွာယုံကြည်ဆောင်ရွက်သူများဖြစ်တယ်။ ဒါကိုလည်း ကျနော်တို့ သက်ဆိုင်ရာတွေကိုလည်း သိစေချင်တယ်။ နိုင်ငံတကာကိုလည်း သိစေလိုတယ်။ အဲဒီသဘောလည်းပါပါတယ်။ ကျနော်တို့ ဒီကနေ့ ကျင်းပတဲ့ ပွဲက။"

NLD ပါတီက ပြောခွင့်ရသူ ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ပြုလုပ်တဲ့ပွဲမှာ လွတ်လာတဲ့ထဲက လူရွှင်တော်ဇာဂနာ၊ တောင်ကြီးမြို့နယ်က လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ခင်၊ အင်းတော်မြို့နယ် NLD က ဦးစောလှိုင်အပါအဝင် လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက ၁၀၀ နီးပါးတက်ရောက်ခဲ့သလို လူရွှင်တော်ဇာဂနာက မြန်မာနိုင်ငံမှာနိုင်ငံရေးလုပ်လို့ထောင်ကျတယ်ဆိုတဲ့အစဉ်အလာကိုဖျက်ကြဖို့ သူရဲ့ကျေးဇူးတင်နှုတ်ဆက်စကားမှာ ထည့်သွင်းပြောဆိုခဲ့ပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# လူဆိုတာရောက်တဲ့နေရာ အရေးမကြီး၊ ကိုယ်ကျင့်တဲ့တရားပဲ အရေးကြီးတယ်

**Mizzima ၊ အောက်တိုဘာ ၁၈ ။** ။ "လူဆိုတာ ရောက်တဲ့နေရာ အရေးမကြီးဘူး၊ ကျင့်တဲ့ တရားပဲ အရေးကြီးတယ်" ဟူ၍ ကျိုင်းတုံထောင်တွင်း ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသည့် ၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က မွေးနေ့ အမှာစကားအဖြစ် ပြောဆိုလိုက်သည်။

အင်္ဂါနေ့တွင် ကျရောက်သည့် အသက် ၄၉ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အင်းစိန်မြို့နယ် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့ရာ ယင်းကဲ့သို့ ထောင်တွင်းမှ အမှာစကားပေးပို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"သူက အမှတ်တရနေနဲ့ ရေးပေးလိုက်တာပေါ့နော်။ ဘယ်နေရာရောက်ရောက် ရောက်တဲ့နေရာက အရေးမကြီးဘူးပေါ့နော်။ ကိုယ့်ရဲ့ကျင့်ကြံမှု၊ ကိုယ့်ရဲ့နေထိုင်မှု ဒါကို ရည်ညွှန်းချင်တယ်လို့ ကျမ ထင်တာပေါ့နော်" ဟု ညီမဖြစ်သူ မမီမီလွင်က မဇ္ဈိမကို ပြောသည်။

ကိုမင်းကိုနိုင်မှာ ၂၀၀၇ ခုနှစ် လောင်စာဆီဈေးနှုန်း ကျဆင်းရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုဖြင့် ယင်းနှစ် ဩဂုတ်လ ၂၁ ရက်နေ့က ဖမ်းဆီးခံရကာ ထောင်ကျခံနေရခြင်းဖြစ်ပြီး မကြာခင်က သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်တွင်လည်း လျစ်လျူရှုခံထားရသူတဦးဖြစ်သည်။

နံနက် ၈ နာရီမှစတင်ခဲ့သည့် မွေးနေ့ပွဲသို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးဝင်းတင် အပါအဝင် မကြာမီက ပြန်လည်လွတ်မြောက်လာသည့် လူရွှင်တော် ကိုဇာဂနာနှင့် အလုပ်သမားအခွင့်အရေး လှုပ်ရှားသူ မစုစုနွေးတို့လည်း တက်ရောက်ခဲ့သည်။ ပြင်သစ်၊ ဗြိ တိန်၊ အမေရိကန်သံရုံးမှ သံအမတ်များလည်း တက်ရောက်ခဲ့ပြီး တိုင်းရင်းသားခေါင်းဆောင်များ၊ ရွေးကောက်ပွဲဝင်ပါတီများ၊ မျိုးဆက်သစ်လူငယ်များ စုစုပေါင်း လူဦးရေ ၂၀၀၀ ခန့် တက်ရောက်ခဲ့သည်။

"အမြဲတမ်း ဒီလိုမျိုး မွေးနေ့ရှင်မပါဘဲနဲ့ ကျင်းပနေရတဲ့ မွေးနေ့ပေါင်းများစွာအတွက်တော့ ကျမတို့စိတ်ထဲမှာ ခံစားမှုကတော့ ပြောမပြတတ်အောင်ဖြစ်နေရတာပေါ့ရှင်။လာမယ့်နှစ်မှာတော့သူနဲ့အတူတူကျင်း ပချင်တာပေါ့နော်။ ဒါပေမဲ့ နှစ်တိုင်း နှစ်တိုင်းတော့မျှော်ကြတာပေါ့။ မရှိတော့လဲ မရှိသလိုကျင်းပနေရတာပါပဲရှင်"မမီမီလွင်က ဆိုသည်။

"ကိုယ်တကိုယ်တည်းအတွက် လုပ်တဲ့ပွဲ မဖြစ်စေချင်ဘူး၊ အားလုံးအတွက် အမှတ်တရ ဖြစ်စေချင်တယ်" ဟုလည်း ကိုမင်းကိုနိုင်က မွေးနေ့စကားလက်ဆောင် ပါးလိုက်သေးကြောင်း သိရသည်။

ကိုမင်းကိုနိုင်မှာ ၁၉၈၈ လူထုအရေးတော်ပုံတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ - ဗကသဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခံရကာ ဒီမိုကရေစီလှုပ်ရှားမှုကြောင့် ၁၉၈၉ ခုနှစ် မတ်လအတွင်း ဖမ်းဆီးခံရကာ ၂၀၀၄ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ယင်းနောက် ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ထပ်မံထိန်းသိမ်းခံရကာ ၂၀၀၇ ခုနှစ် ဇန်နဝါရီတွင် ပြန်လည်လွတ်မြောက်လာခဲ့ပြီး လောင်စာဆီဈေးနှုန်း ကျဆင်းရေးလှုပ်ရှားမှုကြောင့် ထပ်မံအဖမ်းခံခဲ့ရခြင်းဖြစ်သည်။

အကျဉ်းကျခံ ကျောင်းသားခေါင်းဆောင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မိုးပျံပူပေါင်းနှင့် ချိုးငှက်များလွှတ်ကာ အကျဉ်းသားအားလုံး လွတ်မြောက်လာရေးအတွက် ဆုတောင်းခဲ့ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ စွယ်စုံအနုပညာရှင်ဇာဂနာနှင့် ၈၈ မျိုးဆက် ကျောင်းသူ ဖြိုးဖြိုးအောင်တို့ကအမှတ်တရစကားပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကနိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် ဆန္ဒပြုကြောင်းနှင့် "အဂတိလေးပါးကနေ ကင်းလွတ်ပြီးတော့မှ လုပ်ဆောင်ကြမယ်ဆိုရင် အကောင်းဆုံးဖြစ်မယ်" ဟု ပြောဆိုခဲ့ကြောင်း မွေးနေ့ပွဲဖြစ်မြောက်ရေးတာဝန်ခံ ၈၈ မျိုးဆက်ကျောင်းသား ကိုမြတ်သူကပြောသည်။

ယင်းအပြင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ၏ မိသားစုများက မကြာခင်ကလွတ်မြောက်လာပြီး မွေးနေ့ပွဲတက်ရောက်လာသူ နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်ကိုလည်း တယောက်လျှင် ၅,၀၀၀ နှုန်းဖြင့်ကူညီပေးခဲ့သည်။ ပွဲတွင် မွေးနေ့ဂုဏ်ပြုတေးသီချင်းသီဆိုခြင်းနှင့် ကဗျာရွတ်ပြိုင်ပွဲများလည်း ထည့်သွင်း ကျင်းပခဲ့သည်။

"အကျဉ်းထောင်တွေကို စာကြည့်တိုက်သဘောမျိုး လုပ်ဖို့အတွက်ပေါ့နော်။ စာအုပ်တိုက် ၄၂ တိုက်ကနေပြီးတော့မှ လှူဒါန်းထားတဲ့ စာအုပ်တွေကို ထောင် ၄၂ ထောင်ကို ခွဲပြီးတော့မှ လှူဒါန်းပေးတဲ့ အစီအစဉ်လဲပါတယ်"ဟု ကိုမြတ်သူကပြောသည်။ ယင်းစာအုပ်များမှာ တန်ဖိုးအားဖြင့် ၂၇ သိန်းကျော်ဖိုးရှိသည်။မွေးနေ့ပွဲတွင် ကိုမင်းကိုနိုင်ပုံတူပန်းချီကား ၂၀ ကျော်ကိုလည်းပြသခဲ့ပြီး ပွဲပြီးချိန်တွင်ပွဲတက်ရောက်သူများ ယူဆောင်သွားလို့သုံးချပ်သာ ပြန်ရလိုက်သည်ဟုသိရသည်။

"အပြန်မှာ အဲဒီပန်းချီကား သုံးချပ်ပဲ ပြန်ရတော့တယ်။ ယူသွားကြတဲ့သူတွေက ကိုမင်းကိုနိုင်ကို ချစ်လို့ပါဆိုပြီးတော့ တောင်းယူသွားကြတာ။ ကျနော့်ကိုတော့ မဟုတ်ဘူး။ နီးစပ်ရာတောင်းယူသွားကြတာပေါ့။ ကျနော်အတော်နမြောတယ်ဗျာ" ဟု ပန်းချီဆွဲထားသူ ကိုမျိုးရန်နောင်သိန်းက ပြန်ပြောပြသည်။

၂၀၀၇ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် ဗကသများအဖွဲ့ချုပ်မှလည်း မွေးနေ့ပွဲသို့ မွေးနေ့သဝဏ်လွှာပေးပို့ခဲ့ကာ "ယနေ့အချိန်ထိ ရှင်သန်လှုပ်ရှားနေသော ဗကသများအဖွဲ့ချုပ်၏ သမိုင်းတခေတ်ကိုပြန်လည်ဖွင့်လှစ်ပေးခဲ့သည့် ကိုမင်းကိုနိုင်အား မိမိတို့ ကျောင်းသူကျောင်းသားများက လေးလေးနက်နက် ဂုဏ်ပြုဦးညွှတ်ပါသည်" ဟု သဝဏ်လွှာတွင် ပါရှိသည်။ အလားတူ မွေးနေ့အထိမ်းအမှတ်ပွဲများကို ရန်ကုန်တွင် သာမက ကချင်နှင့်ကရင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်း ချောက်နှင့်ရေနံချောင်းမြို့နယ်တို့တွင်လည်း NLD ကွန်ယက်အဖွဲ့ဝင်များက ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

"ကျနော်တို့ကြားတဲ့သတင်းအရ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်မှုက သုံးကြိမ်ရှိမယ်ပေါ့။ ပထမဦးဆုံး အကြိမ်လွတ်မြောက်မှုမှာ ကိုမင်းကိုနိုင်ပါမလာဘူး၊ ကိုဇာဂနာတို့ ပါလာတယ်။ ကိုမင်းကိုနိုင်တို့ကိုတော့ နောက်ဆုံးအကြိမ်မှာ ပါလာမယ်လို့ကျနော်ကြားထားတာရှိတယ်။ ဆိုတော့ လွတ်စေချင်တာပေါ့ဗျာ" ဟု ၈၈ မျိုးဆက်ကျောင်းသားတဦးဖြစ်သူ ကိုမျိုးရန်နောင်သိန်းကဆိုသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီရောက် ဒီမိုကရေစီအင်အားစုများကလည်း ကိုမင်းကိုနိုင်မွေးနေ့ အထိမ်းအမှတ်အဖြစ် အောက်တိုဘာလ ၁၈ ရက်နေ့က ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့်ခွင့်အရေးများဆိုင်ရာအဖွဲ့ (WRWAB) ရုံး၌ ပြုလုပ်ရာတွင် သံဃာတော်များအား ဆွမ်းကပ်ခြင်းနှင့် နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ရေးအတွက် ဘာသာစုံ ဝတ်ပြုဆုတောင်းပွဲပြုလုပ်ခဲ့ကြသည်။

# တရုတ် မြန်မာနယ်စပ် တရုတ် စစ်တပ်များကို ပိုမိုတိုးချထား

**Mizzima ၊ အောက်တိုဘာ ၁၈ ။** ။ မြန်မာအစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်များ တိုက်ပွဲများဖြစ်နေသည့် တရုတ်- မြန်မာနယ်စပ်တလျှောက်တွင် တရုတ်အာဏာပိုင်များက လက်နက်ကိုင်တပ်ဖွဲ့များ တိုးမြှင့်ချထားကြောင်း သိရသည်။

ကချင်လွတ်မြောက်ရေးတပ်မတော် KIA တိုက်ပွဲများဖြစ်ပွားရာဒေသနှင့်ထိစပ်နေသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင်းရှိ ယင်ကျန်းမြို့၊ ကျန်းဖုံးမြို့၊ မန်စီခရိုင် ရွှေလီမြို့နှင့် မဟိုင်မြို့တို့တွင်တရုတ်ဘက်မှ လုံခြုံရေး တိုးမြှင့်ချထားခြင်းဖြစ်သည်။

ယင်ကျန်းမြို့မှာ KIA ဌာနချုပ်ရှိရာ လိုင်ဇာအနီးတွင်တည်ရှိပြီး လိုင်ဇာမြို့နှင့် တာပိန်ရေအားလျှပ်စစ် စီမံကိန်းဒေသများသို့ အလွယ်တကူ သွားရောက်နိုင်သည့်မြို့ဖြစ်သည်။ ကျန်းဖုံးမြို့မှာမူ မြန်မာနယ်စပ်မြို့ဖြစ်သည့် လွယ်ကျယ်နှင့် မျက်နှာချင်းဆိုင်ဖြစ်ကာ ရွှေလီမြို့မှာ ရှမ်းပြည်နယ် မူဆယ်မြို့နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။ မန်စီခရိုင် မဟိုင်မြို့မှာ KIA တပ်မဟာ ၄ ထိန်းချုပ်ရာ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့အနီးရှိ မုံးကိုးမြို့နှင့်ချောင်းတဖက်သာ ခြားသည်။

"စစ်တပ်ကနေပြီးတော့ လက်နက်ကိုင်တပ်ဖွဲ့တွေ ပြောရမယ်ဗျ။ သူတို့ကနေပြီးတော့ ဒီ အရင်အတုန်းက နယ်စပ် ဘက်မှာတပ်စခန်းချတာမျိုးမရှိဘူး။ ဒါပေမဲ့ ဒီနောက်ပိုင်းမှ တပ်စခန်းတွေတော်တော်များများ၊ တပ်အင်အားတွေတိုးချဲ့လာတာ" ဟုကချင်လွတ်မြောက်ရေးအဖွဲ့ KIO ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က မဇ္ဈိမကိုပြောသည်။

ယခင်ကနယ်စပ်လုံခြုံရေးအတွက် လူဝင်မှုကြီးကြပ်ရေးရဲတပ်ဖွဲ့များကိုသာ ထားရှိလေ့ရှိကာ ပြီးခဲ့သည့် တပတ်ခန့်မှ စ၍ ယခုကဲ့သို့ လုံခြုံရေးတိုးမြှင့်လာခြင်းဖြစ်သည်။ သို့သော် တပ်အင်အား မည်မျှတိုးချဲ့ချထားသည်ကိုမူ သီးခြားအတည်မပြုနိုင်သေးပေ။

၂၀၀၉ ခုနှစ် ကိုးကန့်တိုက်ပွဲဖြစ်ပွားစဉ်ကလည်း ယခုကဲ့သို့ လုံခြုံရေးတိုးမြှင့်ချထားမှုမျိုး ပြုလုပ်ခဲ့ဖူးပြီး လုံခြုံရေး တပ်များကို နယ်စပ်ဒေသရွာများရှိ အဆောက်အဦဟောင်း၊ ကျောင်းဟောင်းနှင့် စက်ရုံဟောင်းများတွင် စခန်းချထားခြင်းဖြစ်သည်။

"Alert No 1 Position (အဆင့် ၁ တပ်လှန့်မှု) တော့ မဟုတ်ဘူး။ နယ်စပ်မှာ ဟိုတုန်းက အဲဒီလို မထားတဲ့နေရာမှာ အခုလို တပ်ကထောက်ထားပြီဆိုကတည်းက ဒါက သူတို့ Alert ရှိလို့ပေါ့။ ပြီးတော့ တပ်က အဆောက်အဦးဆောက်နေတာ မဟုတ်ဘူး။ Temporary လာထားတာ" ဟု တရုတ်-မြန်မာ နယ်စပ်ရွှေလီမြို့တွင် နေထိုင်သည့် မြန်မာ့အရေးလေ့လာသူ ဦးအောင်ကျော်ဇောက ဆိုသည်။

အဆင့် ၁ တပ်လှန့်ထားမှုပုံစံမှာ နယ်စပ်စည်းရိုးတလျှောက်နှင့် နယ်စပ်ဂိတ်များတွင် တပ်စွဲထားခြင်းဖြစ်ကာ ကိုးကန့် တိုက်ပွဲများဖြစ်စဉ်က ယင်းကဲ့သို့ပြုလုပ်ခဲ့သည်။ ယခု တိုးချဲ့ချထားသည့် တပ်များမှာ Army Police ခေါ် လက်နက်ကိုင်ရဲတပ်ဖွဲ့များဖြစ်ပြီး နယ်စပ်ဒေသလုံခြုံရေးအား အဓိကတာဝန်ယူလေ့ ရှိသည်။

တရုတ်-မြန်မာနယ်စပ်နှင့်ဝါးနာရီခန့်ခရီးအကွာတွင်ယင်းလက်နက်ကိုင်ရဲတပ်များ၏ တပ်ရင်းဌာနချုပ်များရှိပြီး လွယ်လင့်တကူအင်အားဖြည့်တင်းနိုင်သည်ဟု သိရသည်။

နယ်စပ်တလျှောက် ယခုကဲ့သို့ လုံခြုံရေးတိုးမြှင့်ထားမှုမှာ တိုင်းရင်းသားဒေသများတွင် အစိုးရတပ်များမှ ထိုးစစ်ကြီးများ ဆင်လာနိုင်ခြင်းကြောင့်ဟု ခန့်မှန်းမှုများရှိနေပြီး တရုတ်နိုင်ငံသို့ စစ်ဘေးရှောင်ဒုက္ခသည်များဝင်ရောက်နိုင်မှုကို ထိန်းချုပ်ရန်အတွက်ဖြစ်သည်ဟု KIO က ခန့်မှန်းသည်။

"အဓိက ကတော့ KIA နဲ့ တိုက်ပွဲဖြစ်နေတဲ့ တရုတ်-မြန်မာ နယ်စပ်တလျှောက်မှာ ဖြစ်နေတာလေ။ ကချင်ပြည်နယ်မှာ ဖြစ်သလို ရှမ်းပြည် မြောက်ပိုင်းမှာလည်းဖြစ်နေကြတယ်။ နောက်ပြီး စစ်ပြေးဒုက္ခသည်တွေကလည်း နယ်စပ်ဒေသတလျှောက်မှာ ရောက်နေကြတယ်။ ဒါက အဓိကပေါ့" ဟု ဦးလနန်က ပြောသည်။

လက်ရှိတွင် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာနေရသူ ဒုက္ခသည် ဦးရေမှာ KIA ဗဟိုဌာနချုပ် လိုင်ဇာတွင်ပင် ၁၂,၀၀၀ ကျော်ရှိပြီး စုစုပေါင်း ၂၂,၀၀၀ အထက်ရှိမည်ဟု KIA က ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးအဖွဲ့၏ စာရင်းများအရမူဒုက္ခသည် ၂၅,၀၀၀ ဦး ရှိသည်။

ယခုကဲ့သို့ လုံခြုံရေးတိုးမြှင့်မှုမှာ နယ်စပ်ဒေသများတွင်ထိုးစစ်ကြီး များဖြစ်လာနိုင်ဖွယ်ရှိခြင်းကြောင့် တရုတ်ဘက်မှကြိုတင်ပြင်ဆင်မှု ဖြစ်နိုင်သည့် အပြင် မြန်မာအစိုးရဘက်မှလည်း ကြိုတင်အကြောင်းကြားထားခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း အကဲခတ်များက ခန့်မှန်းပြောဆိုနေကြသည်။

လက်ရှိတွင် ကချင်ပြည်နယ်ရှိ ဒေသခံအစိုးရတပ်များဖြစ်သည့် တပ်မဟာ ၃၃၊ ၆၆ တို့လည်း တပ်အင်အား တိုးမြှင့်ထားကာ အခြားဒေသမှ တပ်များကိုလည်း ရေလမ်းမှတဆင့် မြစ်ကြီးနား၊ ဗိုင်းမော်သို့ စေလွှတ်ကာ စခန်းချထားသည်ဟုလည်း KIA သတင်းရပ်ကွက်မှ သိရသည်။

"မြစ်ကြီးနားအောက်ပိုင်း တာလောကြီး၊ ဆင်ဘိုဘက်မှာစက်လှေတွေနဲ့ သင်္ဘောတွေနဲ့ ပို့ထားတာရှိတယ်။ နောက် ပြီးတော့ ဗန်းမော်ဘက်မှာလည်း သင်္ဘောနဲ့ မန္တလေးဘက်ကနေ တက်လာပြီးတော့ ဗန်းမော်မှာ စစ်အင်အား တော်တော်ချထားတာရှိတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီလိုမျိုး နယ်ခံတပ်တွေ မဟုတ်ဘဲနဲ့ အောက်ပိုင်းကတက်လာတဲ့တပ်တွေက ဒေသတွေမှာ ရောက်လာခြင်းအားဖြင့်တိုက်ပွဲကြီးကြီးမားမားဖြစ်လာမယ်ဆိုတဲ့ အရိပ်လက္ခဏာပါပဲ။ ဒါ လုံးဝသေချာပါတယ်" ဟု KIO ပြောခွင့်ရ ဦးလနန်က ပြောသည်။

နယ်ခြားစောင့်လက်ခံရန် ငြင်းဆန်ခဲ့မှုဖြင့် ယခုနှစ် ဇွန်လ ၉ ရက်မှစ၍ ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်များ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ကာ အောက်တိုဘာလအတွင်း ယခင်လများထက် တိုက်ပွဲများ ပိုမိုဖြစ်ပွားခဲ့သည်။

စက်တင်ဘာလအတွင်းတိုက်ပွဲပေါင်း ၆၈ သာ ဖြစ်ပွားခဲ့သော်လည်း အောက်တိုဘာလ ၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၈၇ အကြိမ်အထိဖြစ်ပွားခဲ့သည်ဟု KIA ၏ စာရင်းများအရ သိရသည်။




**အောက်တိုဘာ ၂၀။** UN News Center **။ ။** မြန်မာသည် နိုင်ငံရေးအကျဉ်းသားအားလုံးကို ၂၀၁၁ ခုနှစ်မကုန်မီ လွှတ်ရန်လိုကြောင်း ကုလလူ့အခွင့်အရေး ကျွမ်းကျင်သူ မြန်မာရေးရာ အထူးထောက်လှမ်းသုံးသပ် သူ Tomas Ojea Quintana မှဆို၏။

**အောက်တိုဘာ ၂၁။** BKK **။ ။** ထိုင်းနိုင်ငံတဝှမ်းရေကြီးနေရာ မြန်မာများလည်း အသက်ဆုံးရှုံးသူများတွင်ပါဝင်၏။

**အောက်တိုဘာ ၂၀။** AlertNet **။ ။** အောက်တိုဘာ ၂၀ မှ ၂၂ အထိ ဂျပန်တွင်ရောက်ရှိနေထိုင်မည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံသည် မှန်ကန်သော ပြုပြင်ပြောင်းလဲမှု လုပ်ရန်လိုကြောင်း ဖိအားပေးရန် Human Rights Watch မှတိုက်တွန်း၏။

**အောက်တိုဘာ ၂၁။** Beijing, Rtrs **။ ။** တရုတ်နှင့်မြန်မာ နှစ်ဖက်လုံးသည် ပြောစကားအတိုင်း လုပ်ရန်လိုကြောင်း တရုတ်ဝန်ကြီးချုပ်မှ မြစ်ဆုံဆည်နှင့်ပတ်သက်၍ပြော၏။

**အောက်တိုဘာ ၂၁။** Bernama News **။ ။** စစ်တွေဖက်တွင် မုန်တိုင်းကြောင့် ရှေးဟောင်းဘုရားစေတီ စောင်းတန်းများ၊ ဈေးအဆောက်အအုံအချို့ ပျက်ဆီးခဲ့ကြောင်း။

**အောက်တိုဘာ ၂၁။** KL, Bernama **။ ။** မလေးရှားစစ်တပ်မှ ပို့ချမည့် စစ်သင်တန်း ၁၆ ခုအတွက် ၉ ခုတက်ရန် မြန်မာမှသင်တန်းသားများပို့ရန်စီစဉ်နေ၏။

**အောက်တိုဘာ ၂၁။** DVB **။ ။** ယုံကြည်ချက်အတိုင်း ရှေ့ ဆက်လက်ဆောင်ရွက်သွားကြရန် လွှတ်လာသည့် နိုင်ငံရေးအကျဉ်းသားများအား ကြိုဆိုပွဲနှုတ်ခွန်းဆက် မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**အောက်တိုဘာ ၂၁။** DVB **။ ။** ရက်အနည်းငယ်က ပြန်လည်လွှတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများအား အဲန်အဲလ်ဒီအဖွဲ့ ချုပ်မှ ယနေ့ ဌာနချုပ်တွင် ဖိတ်ခေါ် ဂုဏ်ပြုပွဲကျင်းပ၏။ လွှတ်လာသူ တနိုင်ငံလုံး ၂၀၀ ဦးကျော်အနက် ၉၀ ဦးကျော် တက်ရောက်ခဲ့၏။

**အောက်တိုဘာ ၂၀။** TKY, DVB **။ ။** မြန်မာနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်သည် ယနေ့ ဂျပန်နိုင်ငံသို့ ရောက်ရှိ၏။

**အောက်တိုဘာ ၂၀။** DVB **။ ။** ကချင်လက်နက်ကိုင်များကို တိုက်ခိုက်ရန် မြန်မာတပ်များသည် လိုင်ဇာစခန်းနှင့် မိုင် ၂၀ အနီးအထိရောက်နေကြောင်း။

**အောက်တိုဘာ ၂၁။** China Economic Net **။ ။** ပီကင်းရောက် မြန်မာ ဒုသမတ ဦးတင်မြင့်ဦးသည် မြန်မာသည် တရုတ်နှင့်လက်တွဲ၍ မြစ်ဆုံဆည်ကိစ္စ ပြေလည်အောင်ဖြေရှင်းပေးပါမည်ဟု ဖြေသိမ့်ကတိပေးခဲ့ကြောင်း။

**အောက်တိုဘာ ၂၁။** Asian Correspondent **။ ။** မူဝါဒနှင့် ကျင်းသုံးမှုပြောင်းလဲနေချိန်ဖြစ်သော်လည်း မြန်မာတပ်များ၏ ကချင်တပ်များအပေါ် တိုက်ခိုက်မှုသည် ပိုမိုပြင်းထန်နေကြောင်း။

**အောက်တိုဘာ ၂၁။** BigPondNews **။ ။** ရုတ်တရက်မိုးကြီး၍ ပခုက္ကူမြို့တွင် အနည်းဆုံးလူ ၅ ဦးသေဆုံး ၁၀၀ ဦးခန့် ရေထဲမြောပါ ပျောက်ဆုံးနေကြောင်း။

**အောက်တိုဘာ ၂၁။** BBC **။ ။** မြန်မာပြည်အလယ်ပိုင်းတွင် ရေကြီးမှုကြောင့် လူဒါဇင်ချီ၍ ပျောက်ဆုံးနေကြောင်း။ Sres SOS Children's village, Canada မြန်မာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးသည် သန့်စင်မှုအဆင့်လိုသေးပြီး မိခင်နှင့်ခလေးတစ်ထောင်လျှင် ၁၄ ဦးခန့် သေသည်အထိ အသေအ ပျောက်နှုန်းကြီးကြောင်း။

**အောက်တိုဘာ ၂၀။** VOA, BBC **။ ။** လိဘီယား အာဏာရှင် ကဒါဖီအား လူထုမှ ဖမ်းမိပြီး အဆုံးစီရင်လိုက်ကြောင်း။

**အောက်တိုဘာ ၂၀။** Foreign Policy In Focus **။ ။** Muamm Gaddafi သည် လူထုလက်ချက်ဖြင့် အသေဆိုးဖြင့် သေဆုံးခဲ့ရသည်နှင့်ပတ်သက်၍ မြန်မာ အာဏာပိုင်များကို နမူနာပြုရလျှင် အာဏာရှင်ဟူသည် အာဏာပြုတ်လျှင် အသေဆိုးနှင့်သေရတတ်သဖြင့် အာဏာမြဲရန် အင်အားသုံးဖို့ လမ်းပိုများ၏။ မြန်မာပြည် လွှတ်လပ်လာလျှင် မြန်မာအာဏာရှင်များသည် အသတ်ခံရခြင်း၊ လူထု သို့မဟုတ် အာဏာရှင်အချင်းချင်း၏ အာဏာသိမ်းခြင်းအားဖြင့်၎င်း အတိုက်ခိုက်ခံရခြင်း၊ သူတို့သူများအား မတရားချခဲ့သည့် ထောင်များတွင် ဇာတ်သိမ်းရခြင်းနှင့် မိမိတို့၏မိသားစုပိုင်ဆိုင်မှုများ ပြည်သူပိုင်သိမ်းခြင်းစသည်ဖြင့် ဆုံးရှုံးခြင်းများဖြစ်နိုင်ကြောင်း Russ Wellen မှ သုံးသပ်၏။

**အောက်တိုဘာ ၂၁။** Foreign Policy focus **။ ။** နိုင်ငံရေးအကျဉ်းအနှစ် (၆၄) နှစ် ကျနေသူ မင်းကိုနိုင်၏ မွေးနေ့တွင် ယခင်အပတ်ကလွှတ်လာသူ ဇာဂနာသည် သမတကြီးထံ အမည်တတ်၍ မင်းကိုနိုင်အား လွှတ်ပေးရန် တောင်းဆို၏။

**အောက်တိုဘာ ၂၁။** Catholic World News **။ ။** ကချင်ပြည်နယ် နမ့်ဆန်ရန်ရှိ ဘုရားရှိခိုးကျောင်းတွင်း ကိုယ်းကွယ်နေသူများအား အောက်တိုဘာ ၁၆ နေ့က မြန်မာစစ်သားများ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ငါးဦးအား ဖမ်းဆီးခြင်း၊ ဘုရားကျောင်းအား မီးရှို့ခြင်းများပြုခဲ့ကြောင်း။

**အောက်တိုဘာ ၂၁။** ISPR, Business Times **။ ။** Interra Resources Ltd. (စင်္ကာပူ) ၏ ကုမ္ပဏီခွဲ Goldpetrol Joint Operatin Co Inc, သည် ရေနံချောင်းတွင် YNG ၃၂၄၁ ကျင်း ကို အပြီးသတ်နေ၏။

**အောက်တိုဘာ ၁၉။** UN News **။ ။** မြန်မာအစိုးရသည် အပြုသဘောလုပ်ငန်းများလုပ်နေသော်လည်း ကြီးလေးသော လူ့အခွင့်အရေး ဖေါက်ဖျက်မှုများ ကျန်ရှိနေသေးကြောင်း မြန်မာဆိုင်ရာ လူ့အခွင့်အရေး အထူးထောက်လှမ်းစစ်ဆေးသတင်းမှတ်တမ်းတင် လူ့အခွင့်အရေးပါရဂူ Tomas Ojea Quintana မှ အထွေထွေညီလာခံတွင် အစီရင်ခံ၏။

**အောက်တိုဘာ ၂၁။** The Age **။ ။** မလေးရှားသည် လူဝင်မှုထိန်းသိမ်းရေးတွင် ချုပ်ထားသော မြန်မာနိုင်ငံသား ၁၀၀၀ ခန့်အား မြန်မာသို့ ပြန်ပို့ရန်စီစဉ်နေ၏။

**အောက်တိုဘာ ၂၁။** Brisbane Times **။ ။** လူဝင်မှုကြီးကြပ်ရေး အချုပ်ခန်းများတွင် ဖမ်းဆီးခံထားရသူခြင်း ဖလှယ်ရန် မလေးရှားသည် မြန်မာနှင့် ဆွေးနွေးကာ

**စာမျက်နှာ ၁၃ သို့**

# ၈၈ မျိုးဆက်ခေါင်းဆောင် ကိုမင်းကိုနိုင် မွေးနေ့အခမ်းအနားကျင်းပကြ

**VOA ၊ အောက်တိုဘာ ၁၈ ။** ။ဒီမိုကရေစီရေးလှုပ်ရှားမှုတွေမှာ ၁၉၈၈ ကစလို့ ဦးဆောင်လှုပ်ရှားလာတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ဒီကနေ့အသက် ၄၉ နှစ်ပြည့် မွေးနေ့ကိုတော့ သူ့ကိုဖမ်းဆီးထားရာ ရှမ်းပြည်နယ်၊ ကျိုင်းတုံအကျဉ်းထောင်ထဲမှာကုန်လွန်ရေပါတယ်။ အထင်ရှားဆုံးနိုင်ငံရေးအကျဉ်းသားတဦးလည်းဖြစ်တဲ့ကက မျိုးဆက်ကျောင်းသားကိုမင်းကိုနိုင်ရဲ့ မွေးနေ့မှာပဲ သူအပါအဝင်တခြားဖမ်းဆီးခံထားရသူတွေ ပြန်လည်လွတ်မြောက်လာစေဖို့ ရည်ရွယ်ပြီး မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ကိုခင်မင်လေးစားသူ ထောင်ပေါင်းများစွာကတော့ ရန်ကုန်မြို့မှာ ဒီကနေ့စုဝေးခဲ့ကြတာပါ။ ကမာရွတ်မြို့နယ်ထဲမှာရှိတဲ့ သမိုင်းပရိယတ္တိမြို့မစာသင်တိုက်မှာ ကိုမင်းကိုနိုင် မွေးနေ့အဖြစ်နဲ့စုဝေးခဲ့ကြတဲ့ အကြောင်းအပြည့်အစုံကို ဆက်သွယ်စုံစမ်းထားတဲ့ ဗွီအိုအေရဲ့ ထိုင်းအခြေစိုက်သတင်းထောက် မအေးအေးမာက စုံစမ်းတင် ပြထားပါတယ်။

ရှမ်းပြည်နယ်၊ ကျိုင်းတုံအကျဉ်းထောင်မှာ ထောင်ဒဏ် ၆၅နှစ်ကျခံနေရတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးပြန်လွှတ်ပေးရေး ရည်ရွယ်ချက်တွေနဲ့ ၈၈မျိုးဆက်ကျောင်းသားတွေအပါအဝင်ဒီမိုကရေစီရေးအင်အားစုတွေကကိုမင်းနိုင်ရဲ့ ၄၉ နှစ်မြောက်မွေးနေ့ကို ကျင်းပခဲ့တာဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဟန်ဝင်းအောင်က ပြောပါတယ်။

"မွေးနေ့ပွဲမတိုင်ခင်မှာ ပထမဦးဆုံး ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဒီမိုကရေစီအင်အားစုအသီးသီးကို ခေါ်ယူပြီးတော့ ဒီနေ့ကိုဘယ်လို ရည်ရွယ်ချက်တွေနဲ့လုပ်မလဲ၊ ဘယ်လိုအစီအစဉ်တွေနဲ့ လုပ်မယ်ဆိုတာကို ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးမှ အားလုံး ညီညီညာညာနဲ့လုပ်ကြတဲ့ပွဲပါ။ ဆွေးနွေးချက်တွေက ထွက်ပေါ်လာ တဲ့ရလဒ်က တစ်က - နိုင်ငံရေးယုံကြည်ချက်အရ အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ အခု ထောင်အသီးသီးမှာ ရှိနေတယ်ပေါ့ဗျာ။ အဲဒီထောင်ကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့အတူတူမိမိတို့ဟာတထပ်တည်း၊တသားတည်း ရှိနေတယ်ဆိုတဲ့ရည်ရွယ်ချက်ကို ထုတ်ဖော်တဲ့ ရည်ရွယ်ချက်တခုဖြစ်တယ်။ ဒီမိုကရေစီရေးတိုက်ပွဲ မပြီးသေးတဲ့အချိန်မှာကျောင်းသားထုက ကျရာကဏ္ဍကနေအဆင့်တိုင်းမှာ ပါဝင်တယ်ဆိုတာကို ထုတ်ဖော်တာဖြစ်တယ်။ နောက် နောက်တချက်ကတော့ ကိုမင်းကိုနိုင် အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနဲ့အတူ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်မြောက်ဖို့ဆိုတဲ့ ရည်ရွယ်ချက် ၃ ချက်နဲ့ ကျင်းပတာပါ"

ဒီပွဲကို ထောင်နဲ့ချီရှိတဲ့ ဒီမိုကရေစီအင်အားစုတွေ တက်ရောက်ခဲ့ကြပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုမင်းကိုနိုင်လို သားမျိုးကို မွေးထုတ်ပေးတဲ့မိဘ ၂ ပါးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံး ပြန်လွှတ်ပေးဖို့အတွက်ကို တောင်းဆိုသွားပါတယ်။

"ပထမဦးဆုံးအနေနဲ့ ကျမတို့ကနေပြီးတော့ ကိုမင်းကိုနိုင်ရဲ့ မွေးနေ့မှာ ကိုမင်းကိုနိုင်ရဲ့မိသားစုကို ဂုဏ်ပြုချင်ပါတယ်။ ဒီလိုသားတယောက်ကို ဒီလောက်နှစ်ပေါင်းများစွာ ထောက်ပံ့ခဲ့တာ၊ ထောက်ခံခဲ့တာ၊ ဒီလိုပျိုးထောင်ပေးတာတွေအတွက် မိသားစုကိုကျေးဇူးတင်တယ်လို့ ပြောပါရစေ။ လူငယ်တွေအတော်များများဟာ အခုချိန်ထိ အကျဉ်းကျရာကနေပြီးတော့ မလွတ်မြောက်သေးပါဘူး။ လွတ်မြောက်ဖို့အတွက်လည်း ကျမတို့ ဆက်ပြီး ကြိုးစားသွားမှာပါ။ ပြီးတော့ နိုင်ငံရေးအကျဉ်းသားများကို ဘာလို့လွတ်မြောက်စေချင်လဲဆိုရင် ကျမတို့နိုင်ငံဟာတကယ်ကို လွတ်မြောက်တဲ့တိုင်းပြည်ဖြစ်ပြီးတော့ ကျမတို့ နိုင်ငံဟာ တကယ်ကို အဂတိတရား ၄ ပါးကနေ ကင်းလွတ်ပြီးတဲ့တိုင်းပြည်ဖြစ်စေချင်လို့ပါ။ ဒါကြောင့်မို့လို့ အကျဉ်းမကျ-အကျဉ်းမချထားသေးတဲ့လူတွေကို မချတာလည်း အဂတိတရား ၄ ပါးက လွတ်ကင်းတဲ့ထဲမှာပါပါတယ်။ နောက်ပြီး လွှတ်သင့်တဲ့လူတွေ လွှတ်ရမယ်၊ လွှတ်ရမယ့်ကိစ္စကို လွှတ်ရမယ်ဆိုပြီးတော့ ဒါကို ကျမတို့က ဦးတည်ပြီးတော့ ပြောနေတာဖြစ်ပါတယ်။"

ဒီပွဲကို နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေလည်း တက်ရောက် စကားပြောဆိုခဲ့ကြပါတယ်။

ထောင်ဒဏ် ၁၅ နှစ်ကျခံခဲ့ပြီး ပြီးခဲ့တဲ့အပတ်က ပြန်လည်လွတ်မြောက်လာတဲ့ ဗကသများအဖွဲ့ချုပ် စည်းရုံးရေးကော်မတီ အဖွဲ့ဝင်ဖြစ်တဲ့ ကိုသက်ဦးက ကိုမင်းကိုနိုင်ရဲ့ ထူးခြားတဲ့စိတ်ဓါတ်တွေနဲ့ပတ်သက်ပြီး ပြောပြတာကတော့ -

"၈၈ ကာလတုန်းကပေ့ါ၊ ၈၈-၈၉ ပထမတကြိမ်၊ အဖမ်းမခံရခင်ကာလအထိမှာ သူ့ရဲ့လုပ်ဆောင်ချက်တွေမှာ သူဟာ ဆက်တိုက်မရပ်မနား စွမ်းဆောင်ခဲ့တယ်။ အားလုံးတွေ့ဆုံစရာရှိတာ တွေ့ဆုံတယ်၊ ပြောဆိုစရာရှိတာ ပြောဆိုတယ်၊ မရပ်မနားအလုပ်လုပ်တဲ့ဥစ္စာကသူ့ကိုလေးစားစရာ အကောင်းဆုံးပဲ။ သူ့ရဲ့ယုံကြည်ချက်အရ ပြောတဲ့ဥစ္စာအားလုံးဟာ ပြတ်ပြတ်သားသားရှိတယ်။ သူတို့အုပ်စုထဲမှာပိုဆိုရင်ပိုပြီး ပြတ်ပြတ်သားသားသဘောထားကို သူက အမြဲတမ်းပြောဆိုလေ့ရှိတယ်။ အားလုံးအပေါ်ကို စည်းရုံးရေးအသွင်သဏ္ဌာန်ဆောင်တဲ့ ပုံသဏ္ဌာန်မျိုးနဲ့အားလုံးကို စည်းစည်းရုံးရုံးနဲ့ လက်တွဲခေါ်နိုင်တဲ့လူတယောက်လို့မြင်တယ်။ သူ့ရဲ့ဆုံးဖြတ်ချက်တွေ၊ သူ့ရဲ့ယုံကြည်ချက်တွေဆိုရင် သူဟာ အပြောင်းအလဲပုံသဏ္ဌာန် ဘယ်တော့မှမရှိဘူး။ တသမတ်တည်းသွားတယ်။ ဒါကြောင့်မို့ သူ့ကို အာဇာပိုင်မှတ်ချက်မှာခေါင်းမာတတ်သော လူတယောက်ဆိုပြီးတော့ အာဇာပိုင်ရဲ့မှတ်ချက်မှာရှိပါတယ်။ ထောင်တွင်းရပ်တည်ချက် အရမ်းကောင်းပါတယ်"

ကိုမင်းကိုနိုင်ရဲ့ မွေးနေ့ကို ရန်ကုန်အပါအပင် နယ်မြို့အသီးသီးမှာလည်း အနည်းဆုံးဆွမ်းကျွေးဒါနလုပ်ပြီး ကျင်းပခဲ့ကြပါတယ်။ အလားတူပဲ ထိုင်းမြန်မာနယ်စပ်ကနိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအပါအဝင် နိုင်ငံတကာက မြန်မာ့ဒီမိုကရေစီ အင်အားစုတွေကလည်း မလွတ်မြောက်သေးတဲ့နိုင်ငံရေး အကျဉ်းသားတွေအတွက် တောင်းဆိုတဲ့အနေနဲ့ သူရဲ့မွေးနေ့ပွဲကိုနေရာအသီးသီးမှာ ကျင်းပခဲ့ကြပါတယ်။

ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရေးကိစ္စတွေကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကတော့ မြန်မာအစိုးရသစ်ကို အစဉ်တစိုက်တောင်းဆိုနေခဲ့တာလည်းဖြစ်ပါတယ်။

❖❖❖❖❖



# သတင်းတိုထွာဖတ်စရာ

ဝဏ္ဏဝိဝဏ္ဏး

## စစ်အင်အားတိုးချ

ကချင်ပြည်နယ်လွတ်မြောက်ရေးတပ်ဖွဲ့ KIO ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီးတဝိုက်မှာ ဦးသိန်းစိန်အစိုးရ စစ်တပ်မှ အင်အားအလုံးအရင်းတိုးမြှင့်ချထားလိုက်တယ်လို့ ဆိုပါတယ်။ လိုင်ဇာနဲ့ ၁၅ မိုင်အကွာမှာ ချထားတာဖြစ်ပြီး ကို ထိုးစစ်ဆင်ရေး ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ KIO ကတော့ ထူးထူးခြားခြားမစိုးရိမ်ကြောင်း ဖြစ်တဲ့နည်းနဲ့ တိုက်ထုတ်နိုင်တယ်လို့ KIO ပြောခွင့်ရက ပြောဆိုပါတယ်။ (Mizzima- 20, Oct, 2011)

## ကတိအတိုင်း ဆောင်ရွက်ဖို့ပြောဆို

မြန်မာနဲ့တရုတ် နှစ်နိုင်ငံကြား ပူးတွဲအကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေကို ပေးထားတဲ့ကတိအတိုင်း ဆောင်ရွက်ဖို့ တရုတ်ဝန်ကြီးချုပ် Wen Jiabao က သတိပေးပြောဆိုပါတယ်။ ကချင်ပြည်နယ် မြစ်ဆုံရေကာတာစီမံကိန်းကို သမတဦးသိန်းစိန်က ရပ်ဆိုင်းလိုက်ပြီးတဲ့နောက် တရုတ်အစိုးရက အခုလို ခြိမ်းခြောက်ပြောဆိုလာတာဖြစ်ပါတယ်။ ဒုသမတဦးတင်အောင်မြင့်ဦးကတော့ ဒီကိစ္စကြောင့် နှစ်နိုင်ငံဆက်ဆံရေးမထိခိုက်စေဖို့ ကြိုးပမ်းမယ်လို့ပြောဆိုပါတယ်။ (VOA- 21, Oct, 2011)

## မြန်မာဥက္ကဋ္ဌရာထူးနဲ့ အတန်သေး

မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ နိုင်ငံရေးတိုးတက်ပြောင်းလဲမှုမရှိမချင်း အာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာကို ပေးသင့် မပေးသင့်ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းထားဖို့ မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AIPMC က လက်ရှိ အာဆီယံဥက္ကဋ္ဌ အင်ဒိုနီးရှားအစိုးရကို တိုက်တွန်း လိုက်ပါတယ်။ ဂျာကာတာအခြေစိုက် AIPMC ရုံးက အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်တဲ့ Ms. Agung Astrid က မြန်မာကို ဥက္ကဋ္ဌတာဝန်ပေးဖို့လုံလောက်တဲ့ အပြောင်းအလဲတွေ မဖြစ်သေးဘူးလို့ဆိုပါတယ်။ (The Jakarta Post - 21, Oct, 2011)

## မကြာခင်ထပ်လွှတ်မည်ဟုဆို

သမတဦးသိန်းစိန်မှ နိုင်ငံရေးအကျဉ်းသားများကို မကြာခင် ထပ်မံလွှတ်ပေးမှာဖြစ်ကြောင်း သမတအကြံပေးဦးကိုကိုအောင်မှ Reuters ကသတင်းဌာနကို ပြောပါတယ်။ ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားရသူ ၂၀၀၀ ကျော်ရှိရာ ပထမအကြိမ်လွှတ်ငြိမ်းချမ်းသာခွင့်မှာ ၂၀၀ ကျော်သာပါတာမို့ မြန်မာလူထုရော ကမ္ဘာကပါ ဝိုင်းဝန်းပြောဆိုနေတာကြောင့် ကျန်နိုင်ငံရေးအကျဉ်းသားများကိုလည်း မကြာခင်ထပ်မံလွှတ်ပေးမှာဖြစ်တယ်လို့ ဦးသိန်းစိန်အစိုးရက ပြောဆိုလာတာဖြစ်ပါတယ်။ (Reuters- 20, Oct, 2011)

## ဝမ်းနည်း ဝမ်းသာဖြစ်နေတဲ့ သုံးဘီးဆရာ

ကားဟောင်းအပ်ပြီး ကားသစ်ဝယ်ယူတင်သွင်းခွင့်ပြုနေတာကြောင့် မြန်မာနိုင်ငံတလွှား ကားအဟောင်းများဈေးအဆမတန်တက်သွားခဲ့ပါတယ်လို့ ဆိုပါတယ်။ မန္တလေးမြို့ရှိ ဟ နံပါတ် သုံးဘီးကားများလည်း ၂၅ သိန်းအရောင်း အဝယ်ဖြစ်နေရာက သိန်း ၄၀ ကျော်အထိ ထိုးတက်သွားပါတယ်။

သုံးဘီးကားနဲ့ စားဝတ်နေရေးဖြေရှင်းနေကြရတဲ့ မိသားစုတွေကတော့ သုံးဘီးကားကို ရောင်းပြီး သိန်း ၄၀ နှင့် ကားသစ်ဘယ်လိုဝယ်ရမှန်းမသိဖြစ်နေကြပြီး စားဝတ်နေရေးအတွက် စိုးရိမ်နေကြရတယ်လို့ဆိုပါတယ်။ စီးပွားရေးသမားတွေအတွက် အဆင်ပြေပေမယ့် ဆင်းရဲသား သုံးဘီးသမားတွေအတွက်ကတော့ သိပ်အဆင်မချောလှပေ။ (VOB- 18, Oct, 2011)

## ဦးတင်အောင်မြင့်ဦး တရုတ်သွား

ဒုသမတဦးတင်အောင်မြင့်ဦးဟာ စီးပွားရေးဆိုင်ရာကိုယ်စားလှယ် ၂၀၀ ကျော်ကို ဦးဆောင်ပြီး တရုတ်နိုင်ငံကို ကြာသပတေးနေ့က ထွက်ခွာသွားပါတယ်။ ၈ ကြိမ်မြောက် တရုတ် အာရှကုန်စည်ပြပွဲကို တက်ရောက်မှာဖြစ်ပြီး တခြားစီးပွားရေးဆိုင်ရာကိစ္စများကိုလည်းတရုတ်အစိုးရနဲ့ဆွေးနွေးဖွယ်ရှိတယ်လို့ သတင်းများကဆိုပါတယ်။ တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံပြီးရင် ဒုတိယအများဆုံး မြန်မာနိုင်ငံနဲ့ ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ (Xinhua- 20, Oct, 2011)

## တရုပ်ကုန်တင်သင်္ဘောတိုက်ခိုက်ခံရ

မြန်မာ ထိုင်းနဲ့လာအိုနယ်စပ်အကြားရှိ မဲခေါင်မြစ်ဝှမ်းတလျှောက်သွားလာနေတဲ့ တရုပ်ကုန်တင်သင်္ဘော ၂ စင်းကို အမည်အသိလက်နက်ကိုင်အဖွဲ့က တိုက်ခိုက်ခြင်းခဲ့တယ်လို့ဆို ပါတယ်။ သင်္ဘောသား ၉ဖ ယောက်အနက် ၁၂ ယောက်သေဆုံးပြီး တယောက်ပျောက်ဆုံးနေတယ်လို့သတင်းကဆိုပါတယ်။ ကျန်သင်္ဘောသားတွေကတော့ တရုတ်နိုင်ငံကို ပြန်လည်ရောက်ရှိသွားပါပြီ။ အခုတိုက်ခိုက်မှုကို စုံစမ်းပေးဖို့ ထိုင်း လာအို မြန်မာနိုင်ငံတို့ကို တရုတ်အစိုးရ တောင်းဆိုလိုက်ပါတယ်။ (UPI- 19, Oct, 2011)

## လက်နက် မှောင်ခိုဂိုဏ်းဖမ်းမိ

မြန်မာနိုင်ငံမြောက်ပိုင်း တရုတ် မြန်မာနယ်စပ်တလွှားက လက်နက်မှောင်ခိုဂိုဏ်းတခုကို တရုတ်ရဲများက ဖမ်းဆီးလိုက်ပါတယ်။ တရုတ်နဲ့ နယ်ချင်းဆက် စပ်နေတဲ့ မြန်မာနိုင်ငံနဲ့ တိဘက်နိုင်ငံတို့အကြား လှုပ်ရှားနေတဲ့လက်နက်မှောင်ခိုဂိုဏ်းကို လက်နက်ခဲယမ်းများနဲ့အတူ လူ ၁၇ ဦးကို ဖမ်းမိတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ နယ်စပ်တောင်ကြောကို ဖြတ်ပြီး တိဘက်ကို မှောင်ခိုတင်ပို့နေတဲ့ လက်နက်မှောင်ခိုဂိုဏ်းဖြစ်ပါတယ်။ နယ်စပ်ပဋိပက္ခဖြစ်ပွားနေမှုကို အခွင့်ကောင်းယူကာ အခုလိုလက်နက်များကို တရားမဝင်အရောင်းအဝယ်ပြုလုပ်နေကြတာဖြစ်ပါတယ်။ (Bernama- 19, Oct, 2011)

# နိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံမလုပ်ဖို့ အထူးသံကင်တားနားတိုက်တွန်း

**VOA ၊ အောက်တိုဘာ ၂၀ ။** ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား အားလုံးကို ဒီနှစ်မကုန်ခင်မှာ ကျင်းပဖို့ မျှော်လင့်ရတဲ့ ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် ပြန်ပြီးတော့လွှတ်ပေးဖို့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး သောမတ် အိုဟေးကင်တားနားကတောင်းဆိုလိုက်ပါတယ်။မြန်မာ့သမိုင်းမှာအရေးပါတဲ့ကဏ္ဍကပါဝင်နေတဲ့ ဒီနိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံတကာတောင်းဆိုမှုတွေအတွက် အပေးအယူလုပ်ဖို့ ဓားစာခံတွေလို မထားသင့်ဘူးလို့လည်း ကြာသာပတေးနေ့မှာ ကုလသမဂ္ဂမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာပြောကြားခဲ့ပါတယ်၊ ဒီအကြောင်းကိုတော့ဒေါ်ခင်မျိုးသက်က အပြည့်အစုံတင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား အားလုံးကို ဒီနှစ်မကုန်ခင်ကျင်းပမယ်လို့ မျှော်လင့်ရတဲ့ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင် ပြန်ပြီးလွှတ်ပေးဖို့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံလူ့အခွင့်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး သောမတ် အိုဟေး ကင်တားနားက တောင်းဆိုလိုက်ပါတယ်။ မြန်မာ့သမိုင်းမှာ အရေးပါတဲ့ကဏ္ဍက ပါဝင်နေတဲ့ ဒီနိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံတကာ တောင်းဆိုမှုတွေအတွက် အပေးအယူလုပ်ဖို့ ဓားစာခံတွေလို မထားသင့်ဘူးလို့လည်း ကြာသပတေးနေ့ ကုလသမဂ္ဂမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာပြောကြားခဲ့ပါတယ် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဗုဒ္ဓဟူးနေ့က မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းခဲ့တဲ့ မစ္စတာကင်တားနားက ကြာသပတေးနေ့သတင်းစာရှင်းလင်းပွဲမှာ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေဟာ စိုးရိမ်စရာရှိနေသေးတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာအစိုးရဟာ မကြာသေးခင်က နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော် လွှတ်ပေးခဲ့ပေမယ့် အကျဉ်းထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေရှိနေသေးတာမို့ သူတို့အားလုံးကို ပြန်လွှတ်ပေးဖို့ မစ္စတာကင်တားနားက တောင်းဆိုခဲ့ပါတယ်။

"ကျနိုင်ငံရေး အကျဉ်းသားအားလုံးကို ဒီနှစ်မကုန်ခင် အမြန်ဆုံးပြန်ပြီးလွှတ်ပေးဖို့ မြန်မာအစိုးရကို ကျွန်တော်တွန်းအားပေးနေပါတယ်။ အစိုးရကတချို့ကိုလွှတ်ပေးပါတယ်။ ဒါပေမယ့်မြန်မာ့သမိုင်းမှာ တကယ်အရေးပါတဲ့ အခန်းကဏ္ဍကနေပါနေတဲ့ ထင်ရှားတဲ့ခေါင်းဆောင်တွေကိုအခုထိလွှတ်မပေးသေးပါဘူး။ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးက ခေါင်းဆောင်တွေအပြင် တိုင်းရင်းသား ခေါင်းဆောင်တွေပါ။ ဦးဂမ္ဘီရ၊ ဦးခွန်ထွန်းဦးနဲ့ တချို့ကို ထောင်ထဲမှာကျွန်တော် တွေ့ခဲ့ရပါတယ်။ သူတို့လိုလူတွေဟာ တကယ်ပညာတတ်တွေ ဖြစ်ပြီး မြန်မာ့သမိုင်းမှာ အရေးပါတဲ့အခန်းကပါခဲ့သူတွေပါ။ ဒီလိုလူတွေ အခု အသစ်ရေးတော့မယ့် မြန်မာ့သမိုင်းမှာ ပါဝင်ခွင့်ရစေဖို့ လိုပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတကာရဲ့ တောင်းဆိုမှုတွေအတွက် ဒီနိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံတွေလို မလုပ်သင့်ပါဘူး။ သူတို့အားလုံးကို ဒီနှစ်မကုန်ခင်ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင် ပြန်လွှတ်ပေးဖို့ တောင်းဆိုပါတယ်"

နိုင်ငံရေးအကျဉ်းသားတွေထဲမှာ လူထု ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်တွေပါ ပါနေတာမို့ သူတို့ကိုလွှတ်ပေးလိုက်ရင် နိုင်ငံကို ငြိမ်သက်အောင် မထိန်းနိုင်မှာအာဏာပိုင်တွေက စိုးရိမ်နေတာတွေ ရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့ဟာ အစိုးရထင်သလိုမဟုတ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြသနေတယ်လို့ ဆိုပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် နှစ်ပေါင်းများစွာ နိုင်ငံရေးအကျဉ်းသားအဖြစ်နဲ့ နေခဲ့ရသူပါ။ သူလွတ်လာခဲ့တဲ့နောက်မှာ မြန်မာနိုင်ငံရဲ့အပြောင်းအလဲတွေနဲ့ပတ်သက်ပြီး နားလည်အောင်သူဘယ်လို ကြိုးစားတယ်ဆိုတာ ကျွန်တော်တို့ကိုယ်တွေ့ပါ။ မြန်မာအာဏာပိုင်တွေနဲ့ ဆက်သွယ်နိုင်ဖို့ကြိုးစားခဲ့ပြီး မြန်မာနိုင်ငံမှာ လူ့အခွင့်ရေးအခြေနေတိုးတက်လာဖို့နဲ့ ကောင်းမွန်တဲ့ မြန်မာနိုင်ငံဒီမိုကရေစီရေး အပြောင်းအလဲတွေရဖို့ နည်းလမ်းတွေရှာနေတာတွေ့ရပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားကိုလွှတ်ပေးလိုက်ရင် သူတို့ဘယ်လိုလုပ်ဆောင်တယ်ဆိုတာပြတာပါ။ အစိုးရက သူတို့ကို လွှတ်ပေးလိုက်ရင် လမ်းပေါ်ထွက်ပြီး ဆန္ဒပြကြမှာကို စိုးရိမ်နေတာမို့ သူတို့ လိုလူတွေဟာ မြန်မာနိုင်ငံ ဘယ်လိုကောင်းအောင် လုပ်မယ်ဆိုတာကိုပဲ ခေါင်းထဲထားတယ်ဆိုတာ ပြနေပါတယ်"

မြန်မာနိုင်ငံမှာပြုပြင်ပြောင်းလဲမှုတွေရှိလာတာမြင်နေရပေမယ့် တိုင်းရင်းသားဒေသတွေမှာ တိုက်ပွဲတွေ ဆက်ဖြစ်နေပြီး လူ့အခွင့်ရေးချိုးဖောက်မှုတွေ ကြီးကြီးမားမားဖြစ်နေဆဲမို့ အခုလို အရေးကြီးတဲ့ အနေထားရောက်နေချိန်မှာ ဒါတွေကို အရေးယူဖြေရှင်းဖို့လိုနေတယ်လို့လည်း ပြောပါတယ်။

"အခုအချိန်ဟာ မြန်မာ့သမိုင်းမှာ အရေးအကြီးဆုံး အချိန်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီအချိန်ဟာ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်လာဖို့အတွက် အဓိပ္ပာယ်ရှိတဲ့၊ အပြုသဘောဆောင်တဲ့ လုပ်ရပ်တွေ လုပ်ရမယ့် အခွင့်လန်းကောင်းတရပ်ဖြစ်သလို၊ဒီမိုကရေစီရေးအသွင်ကို နက်နက်ရှိုင်းရှိုင်း ကူးပြောင်းရမယ့် အချိန်ပါ။ တချိန်တည်းမှာပဲ ဆိုးဝါးတဲ့ လူ့အခွင့်ရေးပြဿနာတွေ၊ နိုင်ငံရေး၊ စီးပွါးရေးနဲ့ လူမှုရေးရပိုင်ခွင့် ချိုးဖေါက်မှုတွေအတွက် တကယ်တန်းပြောဆိုရမယ့် အချိန်လည်းဖြစ်ပါတယ်"

လူ့အခွင့်အရေးအခြေနေဟာသိသိသာသာပြောင်းလဲတိုးတက်မှုမရှိသေးတဲ့အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အဖွဲ့ဝင် နိုင်ငံတွေက စိုးရိမ်မကင်း ဖြစ်မှုတွေကို ထုတ်ဖေါ်ပြောဆိုခဲ့သလိုအခု ထိလည်း လူ့အခွင့်အရေး ချိုးဖေါက်မှုဆိုင်ရာ တိုင်ကြားမှုတွေရနေဆဲမို့ မြန်မာအာဏာပိုင်တွေ ဘက်က ဒါကို ဦးစားပေးလုပ်ဆောင်သင့်တယ်လို့လည်းပြောပါတယ်။

"မြန်မာနိုင်ငံတွင်း လူ့အခွင့်ရေးချိုးဖေါက်မှုတွေ အတွက်အများယုံကြည်မှုရှိတဲ့၊ သီးခြားလွတ်လပ်တဲ့ စုံစမ်းဖော်ထုတ်စစ်ဆေးမှုတွေ လုပ်ဖို့ လိုအပ်နေတယ်ဆိုတာ အလေးအနက်ပြောပါရစေ။ ဒါနဲ့ပတ်သက်ပြီး မကြာခင်ကမှ ဖွဲ့စည်းလိုက်တဲ့ မြန်မာအစိုးရရဲ့ လူ့အခွင့်ရေးကော်မရှင်ဟာ ဒီစုံစမ်းစစ်ဆေးမှုတွေအတွက် သင့်တော်မတော်၊ ကျနော့် အနေနဲ့ ကနဦး လေ့လာမှုတွေ အတတ်နိုင်ဆုံးအမြန်လုပ်ဖို့ ရှိပါတယ်။ အခု အချိန်မှာတော့ ဒီအဖွဲ့ရဲ့ လုပ်ဆောင်နေမှုတွေ ထိရောက်မှုရှိမရှိ၊ သီးခြားလွတ်လပ်မှု ရှိမရှိက မေးခွန်းထုတ်စရာရှိနေပါ တယ်"

မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအခြေအနေဆိုင်ရာအစီရင်ခံစာအသစ်ကို ၂၀၁၂ ခုနှစ် မတ်လထဲမှာ ကုလသမဂ္ဂ လူ့အခွင့်ရေး ကောင်စီမှာပြန်လည်တင်သွင်းဖို့ရှိတာမို့ ဒီမတိုင်ခင် မြန်မာနိုင်ငံကိုသွားရောက်စစ်ဆေးခွင့်ရဖို့မျှော်လင့်ထားတယ်လို့ ကင်တားနားကပြောခဲ့ပါတယ်။

**ပြက္ခဒိန်မှ**

မြန်မာ ၁၀၀၀ အား မြန်မာသို့ ပြန်ပို့ရန် စီစဉ်နေ၏။

**အောက်တိုဘာ ၂၀၊** Malaysian Digest ॥ ॥ မြန်မာမှ ခိုလှုံသူ ဒုက္ခသည်များ၏ အသက်အန္တရာယ်စိုးရိမ်ရ၍ မြန်မာနှင့် လူဝင်မှုအချုပ်ခန်းတွင် အထိန်းသိမ်းခံသူများ ဖလှယ်ရန်အစီအစဉ်ကို ရပ်တန့်ရန် အာဆီယံပါလီမန်အတွင်း မြန်မာရေးရာအဖွဲ့ (AIPMC)မှ တိုက်တွန်း၏။

**အောက်တိုဘာ ၂၀၊** XNA ॥ ॥ တရုတ်နှင့်အာဆီယံ ရှစ်ကြိမ်မြောက်ပြပွဲတက်ရန် မြန်မာ ဒုသမတ ဦးတင်အောင်မြင့်ဦးသည် ပီကင်းသို့ ထွက်ခွာ၏။

**အောက်တိုဘာ ၂၀၊** Narinjara ॥ ॥ ဦးသိန်းစိန်အစိုးရသည် မိမိတို့လိုသည်ကို ရရန် ကမ္ဘာ့အား လှည့်စားနေခြင်းသာဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ABSL မှ ဆို၏။

**အောက်တိုဘာ ၂၀၊** Irrawaddy ॥ ॥ နိုင်ငံရေးအကျဉ်းသားများအား လိုအပ်ပါက အပြင်ဆေးရုံများတွင် တက်ခွင့်ရေးရန် AAPP မှ တောင်းဆို၏။

**အောက်တိုဘာ ၂၀၊** Irrawaddy ॥ ॥ မြန်မာတွင် အကျဉ်းသား ၆၀၀ ခန့်သာ ရှိကြောင်း သမတအကြံပေး ဦးကိုကိုအောင် မှ ရေဒီယို ဆွီဒင်သို့ ယခင်အပတ်ထဲတွင် ဆိုကြောင်း။

**အောက်တိုဘာ ၂၁၊** Mizzima ॥ ॥ မြန်မာအစိုးရနှင့် ရှမ်းပြည်နယ်တပ်–တောင် (SSA-S) သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲစရန် သဘောတူခဲ့ကြောင်း ရှမ်းပြည်နယ်ပြန်လည်တည်ဆောက်ရေးကောင်စီ (RCSS) မှဆို၏။

**အောက်တိုဘာ ၂၀၊** KPN ॥ ॥ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အကျဉ်းသား ၁၂၉ ဦး လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာသော်လည်း ရိုဟင်ဂျာအမတ် ဦးကျော်မင်း (CRPP) ပါမလာကြောင်း။

**အောက်တိုဘာ ၂၀၊** KNG ॥ ॥ KIA ပစ်ခတ်မှုကြောင့် Ga Ra Yang တိုက်ပွဲတွင် မြန်မာစစ်ဗိုလ် ၃ ဦး ရဲဘော် ၂ ဦးကျဆုံးပြီး ဒါဏ်ရာရသူများလည်း ရှိကြောင်း မြန်မာအဖွဲ့များနှင့် နီးစပ်သူမှဆို၏။

**အောက်တိုဘာ ၂၀၊** Mizzima ॥ ॥ မြန်မာနှင့် လူဝင်မှုဌာန ထိန်းသိမ်းခံများ လဲလှယ်မှုတွင် ခိုလှုံသူများ၊ ဒုက္ခသည်များ မပါဝင်ဟု မလေးရှားမှ ဆို၏။

**အောက်တိုဘာ ၂၀၊** DVB ॥ ॥ ဂြိုလ်တုတီဗွီအတွက် အခွန်ကောက်၍ ပြန်လည်ခွင့်ပြုရန် မြန်မာမှစီစဉ်နေ၏။

**အောက်တိုဘာ ၂၀၊** DVB ॥ ॥ တရုတ်နှင့်တိဘက်တို့သို့ မြန်မာဖက်မှဖြတ်၍ လက်နက်ကုန်ကူးသူ ၉ လအတွင်း ၁၇ ဦးအား တရုတ်အစိုးရဖက်မှ ဖမ်းမိထား၏။

**အောက်တိုဘာ ၁၉၊** RGN, Rtrs ॥ ॥ မြန်မာတွင် နောက်ထပ် နိုင်ငံရေးသမားများ လွတ်ဖွယ်ရှိကြောင်း။

**အောက်တိုဘာ ၁၉၊** Daily Princetonian ॥ ॥ ရွှေဝါရောင်တော်လှန်ရေး လေးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဦးပညာဇောတနှင့် သံဃာ ၂ ပါးတို့သည် တရားထိုင်းခြင်းနှင့် အမေးအဖြေသတင်းရှင်းလင်းပွဲကျင်းပခဲ့၏။

**အောက်တိုဘာ ၂၀၊** Sydney Morning Herald ॥ ॥ မြန်မာ၏ တိုင်းရင်းလက်နက်ကိုင်အဖွဲ့များအပေါ် ကြမ်းတမ်းမှု တိုက်ခိုက်မှုများသည် ပြည်တွင်းငြိမ်းချမ်းရေး တကယ်လိုလားမှုတွင် အနောက်နိုင်ငံများအား အယုံခက်စေနေ၏။

**အောက်တိုဘာ ၁၉၊** Jakarta Post ॥ ॥ မြန်မာအား အာဆီယံ အလှည့်ကျဥက္ကဋ္ဌနေရာ ဆိုင်းထားရန် အာဆီယံတွင်း လွှတ်တော်အမတ်များအဖွဲ့ AIPMC တိုက်တွန်း၏။

**အောက်တိုဘာ ၁၉၊** Irrawaddy ॥ ॥ မြန်မာတွင် ငွေလဲလှယ်နှုန်း တခုထဲဖြစ်စေရေး ဆွေးနွေးရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့သည် နေပြည်တော်တွင် ရောက်ရှိနေကြောင်း။

**အောက်တိုဘာ ၂၀၊** VOA ॥ ॥ နိုင်ငံရေးအကျဉ်းသားများ ခေးစာခံ မလုပ်ရန်နှင့် နှစ်မကုန်ခင် ကျင်းပရန်မျှော်လင့်ထားသော ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးရန် မြန်မာဆိုင်ရာ ကုလလူ့အခွင့်အရေး စစ်ဆေးစောင့်ကြပ်အကြံပေး ထုတ်ပြန်ရေး အထူးအရာရှိ ကင်တာနားမှ တိုက်တွန်း၏။

**အောက်တိုဘာ ၁၉၊** JKT ॥ ॥ အင်ဒိုနီးရှား၏ ဒီမိုကရေစီသို့ ကူးပြောင်း စပ်ကူးမတ်ကူးကာလ၏ သင်ခန်းစာများ၊ ဥပမာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်ခြင်း စသည်တို့ကို သင်ခန်းစာယူနိုင်ကြောင်း စက်တင်ဘာ ၂၇ တွင် ဂျာကာတာရောက် မြန်မာအစိုးရအဖွဲ့သို့ အင်ဒိုနီးရှားမှအကြံပြု၏။

**အောက်တိုဘာ ၁၈၊** RFA ॥ ॥ သမိုင်း ပရိယတ္တိစာသင်တိုက်တွင် မင်းကိုနိုင်၏ ၄၉ နှစ်မြောက်မွေးနေ့ကျင်းပရာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးတင်ဦး ကျောင်းသားအဖွဲ့ ၊ အဲန်အဲလ်ဒီ ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီများ တက်ရောက်ကြ၏။

**အောက်တိုဘာ ၁၈၊** Mizzima ॥ ॥ လူဆိုတာ ရောက်နေတဲ့နေရာသည် အရေးမကြီး၊ ကျင့်သည့်တရားသာ အရေးကြီးကြောင်း ကျိုင်းတုံထောင်တွင် နိုင်ငံရေးအကျဉ်း ၆၅ နှစ် ကျနေသူ မင်းကိုနိုင် (ယနေ့ ၄၉ နှစ်ပြည့်သည်) မှ သူ၏ မွေးနေ့အထိမ်းအမှတ် အမှာစကားအဖြစ် ဆို၏။

**အောက်တိုဘာ ၁၉၊** DVB ॥ ॥ မိမိအား ၂၀၀၇ တွင် အကြမ်းဖက်ခဲ့သည့် ကြံ့ဖွံ့ USDA ဝင်များအား တရားစွဲဆိုမည်ဟု လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာသူ HRDP နှင့် တွဲဖက်၍ လုပ်ကိုင်သော လူ့အခွင့်အရေးလှုပ်ရှားသူ ဦးမြင့်နိုင်မှ ဆို၏။ ရဲသည်လည်း ပယောဂ မကင်းကြောင်းဖြင့်ဆို၏။ အမှုစွဲဆိုမည်ကို လူသိရှင်ကြားလုပ်ရခြင်းသည် လူ့အခွင့်အရေးအဖွဲ့သည် လက်ရှိအမှုများနှင့်မဆိုင်ဘဲ အမှုသစ်များကိုသာ ကိုင်တွယ်မည်ဆိုသည့် အချက်ကြောင့်ဟုဆို၏။

**အောက်တိုဘာ ၁၉၊** DVB ॥ ॥ မလွတ်သေးသော နိုင်ငံရေးကအကျဉ်းသားများအတွက် ကြိုးပမ်းမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**အောက်တိုဘာ ၁၈၊** WTN Post ॥ ॥ မြန်မာသည် ပွင့်လင်းမှုလက္ခဏာများပြလာသော်လည်း အမေရိကန်အနေဖြင့် တိုင်းရင်းအဖွဲ့များအပေါ် မတရားပြုကျင့်မှုများကို ရပ်စေလိုကြောင်း အမေရိကန်ဆိုင်ရာ မြန်မာရေးရာအထူးသံ Derek Mitchell မှ ဆို၏။

**အောက်တိုဘာ ၁၈၊** KL. The Edge ॥ ॥ မလေးရှားနှင့်မြန်မာ လူဝင်မှုဌာန ထိန်းသိမ်းခံနေရသူများ လဲလှယ်ရေးသဘောတူချက်ကို မလေးရှား ရှေ့နေများအဖွဲ့မှ သတိဖြင့် ကြိုဆိုကြောင်း။

**အောက်တိုဘာ ၁၈၊** Radio Australia ॥ ॥ မြန်မာစစ်တပ်သည် ကချင်ပြည်နယ်တွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ကျူးလွန်နေကြောင်း။

**အောက်တိုဘာ ၁၈၊** JKT Post ॥ ॥ မြန်မာသည် နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့် လွှတ်ခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများစွာ ကျန်နေသေး၍ အချီးမွမ်း မခံသင့်ကြောင်း။

# ဒုသမ္မတ ဦးတင်အောင်မြင့်ဦး တရုတ်နိုင်ငံကို ၈ ရက်ကြာခရီးရောက်ရှိ

**VOA | အောက်တိုဘာ ၂၀ ။** ။ မြန်မာ ဒုသမ္မတဦးတင်အောင်မြင့်ဦးဟာ ဒီကနေ့မှာ ၈ ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို စတင်လိုက်ပါပြီ။ ဒီခရီးစဉ်အတွင်း မြန်မာနဲ့တရုတ်ကြား ကိစ္စရပ်မျိုးစုံကို ဆွေးနွေးကြမှာဖြစ်ပေမဲ့ ထိပ်တန်းက ပါမှာကတော့ မြစ်ဆုံဆည်စီမံကိန်းကို မြန်မာအစိုးရက ရပ်ဆိုင်းခဲ့တဲ့ကိစ္စဖြစ်မှာပါ။ ဒီကိစ္စဟာ မြန်မာနဲ့ တရုတ်ကြား ကာလရှည် ကြာစွာရှိခဲ့တဲ့ ဆက်ဆံရေးမှာ အနှောင့်အယှက်ဖြစ်စရာကိစ္စတခုဖြစ်ပေမဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကိုတော့ ထိခိုက်လောက်အောင်တော့ ဖြစ်မှာမဟုတ်ဘူးလို့ လေ့လာသူတွေက သုံးသပ်ထားပါတယ်။ အပြည့်အစုံကိုတော့ ဆက်သွယ်မေးမြန်းထားတဲ့ ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

ဒုတိယသမ္မတဦးတင်အောင်မြင့်ဦးဟာဒီကနေ့မှာမြန်မာနိုင်ငံနဲ့ နယ်နမိတ်ချင်း ထိစပ်နေတဲ့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တော်ကို ရောက်သွားတဲ့အကြောင်း တရုတ်-မြန်မာ ဆက်ဆံရေးကို စောင့်ကြည့်လေ့လာနေသူတွေကပြောပါတယ်။ တရုတ်နိုင်ငံကလာတဲ့ သတင်းတွေမှာတော့ မြန်မာဒုတိယသမ္မတဟာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၊ ဂွမ်စီဇောင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ နန်နင်းမြို့မှာ အောက်တိုဘာလ ၂၁ ရက် နေ့ကနေ ၂၆ ရက်နေ့အထိ ကျင်းပမယ့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကိုတက်ရောက်ဖို့ နေပြည်တော်ကနေ ဒီကနေ့ ထွက်ခွာသွားပြီလို့ ရေးကြပါတယ်။

သူနဲ့အတူ အစိုးရတာဝန်ရှိသူတွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း UMFCCI နဲ့ စက်မှုဇုံတွေက စီးပွားရေးလုပ်ငန်းရှင်တွေ လိုက်ပါသွားတယ်လို့သတင်းတွေကဆိုပါတယ်။ ဒီခရီးစဉ်မှာ Asia World ကုမ္ပဏီပိုင်ရှင် စတီဗင်လောခေါ် ဦးထွန်းမြင့်နိုင်လည်းလိုက်ပါသွားတယ်လို့ ဗွီအိုအေက စုံစမ်းသိရှိရပါတယ်။ Asia World ကုမ္ပဏီဟာ အခုအခါမှာ မြန်မာအစိုးရက ရပ်ဆိုင်းထားလိုက်ပြီဖြစ်တဲ့ မြစ်ဆုံဆည်စီမံကိန်းကို တည်ဆောက်ရေးမှာ တရုတ် CPI ကုမ္ပဏီနဲ့ ပူးတွဲလုပ်ဆောင်နေတာပါ။

ဆည်စီမံကိန်း ရပ်ဆိုင်းလိုက်တဲ့အပေါ် တရုတ်အစိုးရဘက်က မကျေမလည်ဖြစ်တာကို ပြေလည်အောင်ဖြေရှင်းဖို့ ဦးတင်အောင်မြင့်ဦးက ကြိုးစားလိမ့်မယ်လို့ တရုတ်-မြန်မာဆက်ဆံရေးကိုစောင့်ကြည့်လေ့လာသူတွေက ခန့်မှန်းပါတယ်။ ဒီဆည်စီမံကိန်းဟာ ယူနန်ပြည်နယ် အစိုးရနဲ့တိုက်ရိုက်သက်ဆိုင်နေတာကြောင့် ယူနန်ပြည်နယ်ဘက်က ပိုပြီး ဖိအားပေးလာဖွယ်ရှိတယ်လို့ သုံးသပ်သူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေရဲ့ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ ဦးညိုအုန်းမြင့်ပါ။

"ယူနန်အစိုးရအနေနဲ့ ဗဟိုအစိုးရရဲ့ မူအတိုင်းရှိပေမယ့်တချို့နေရာတွေမှာ သူ့အနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဆိုတာတရုတ် အစိုးရရဲ့ဘောင်ထဲမှာ သူ့လုပ်ပိုင်ခွင့်တချို့ရှိပါတယ်။ အဲဒီလုပ်ပိုင်ခွင့်ကနေပြီးတော့မှ လက်ရှိဦးသိန်းစိန်အစိုးရအပေါ်မှာ ဖိအားတစုံတရာပေးလာနိုင်တယ်။ သူတို့မကျေနပ်မချင်း ဒီကိစ္စက သူတို့ရဲ့ နိုင်ငံရေးအရပါ တရုတ်အစိုးရအတွက် အင်မတန်ထိခိုက်တယ် လို့ကျနော်ထင်ပါတယ်။ အဲဒီအတွက်ကိုလည်း သူတို့အနေနဲ့ ၈ ရက်ကြာ ဒုတိယသမ္မတရဲ့ ခရီးစဉ်မှာ ဒီကိစ္စကို အခြေအတင် ဆွေးနွေးနိုင်တယ်လို့ ကျနော်ထင်တယ်။ ဒါပေမဲ့ ဒီပြဿနာတွေဟာ လွယ်လွယ်ကူကူပြေလည်နိုင်တဲ့ ပြဿနာတွေ မဟုတ်တဲ့အတွက်ကြောင့် ဆက်ဆံရေးကတော့ အရင်တုန်းကလို ဆွေမျိုးပေါက်ဖော် - အင်မတန်ရင်းနှီးတဲ့ ဒီ နအဖလက်ထက်က ဆက်ဆံရေးမျိုး မဟုတ်တော့ဘဲနဲ့ တနိုင်ငံနဲ့တနိုင်ငံ အင်မတန်သတိထားတဲ့ ဆက်ဆံရေးမျိုးရှိမယ်လို့ ကျနော်ထင်ပါတယ်။ "

ဦးတင်အောင်မြင့်ဦးရဲ့ အခုခရီးစဉ်မတိုင်ခင်ပြီးခဲ့တဲ့သီတင်းပတ်ထဲမှာ မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင် တရုတ်ပြည်ကိုသွားပြီး တရုတ်ဒုတိယသမ္မတနဲ့ရော နိုင်ငံခြားရေးဝန်ကြီးနဲ့ပါတွေ့ ဆုံဆွေးနွေးပြီး ဆည်စီမံကိန်းရပ်လိုက်လို့ ဖြစ်လာတဲ့ အငြင်းပွားမှုတွေကို ပြေလည်အောင် ဖြေရှင်းသွားကြမယ်လို့ ပြောခဲ့ကြပါသေးတယ်။

တရုတ်နိုင်ငံအနေနဲ့ ဒီလိုရင်းနှီးမြှုပ်နှံမှုမျိုးတွေဟာ မြန်မာတနိုင်ငံထဲနဲ့ လုပ်နေတာမဟုတ်ဘဲ တခြားနိုင်ငံတွေအများကြီးနဲ့လည်း လုပ်နေတာကြောင့် တရုတ်တို့အနေနဲ့က နိုင်ငံတကာ အခင်းအကျင်းကိုပါ ထည့်စဉ်းစားလိမ့်မယ်လို့ မြင်သူက ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်ဖိုးသံချောင်းပါ။ ဒီကိစ္စဟာ ထင်တာထက်အများကြီး ကြီးနေနိုင်တာကြောင့် အပြင်းထန်ဆုံးဖြစ်နိုင်ခြေနဲ့အနိမ့်ဆုံးဖြစ်နိုင်ခြေတို့ကို သူက သုံးသပ်ပြပါတယ်။

"ဒီကိစ္စလောက်နဲ့ ဗမာပြည်ကို သူတို့ စွန့်လွှတ်တာမလုပ်နိုင်ဘူးဗျ။ ဒီဘက်က သေနင်္ဂဗျူဟာအခင်းအကျင်းကို သူတို့ မစွန့်လွှတ်နိုင်ဘူး။ အခုအခါမှာက သူ့ဘက်က ကြည့်လို့ရှိရင် သူတို့အရှေ့ဘက်မှာလည်း စပရက်တလေကျွန်းပြဿနာနဲ့ အဲဒီနိုင်ငံနားက နိုင်ငံတွေနဲ့ ပြဿနာဖြစ်နေတာ။ အခု အနောက်ဘက်မှာလည်း ဗမာပြည်နဲ့ဖြစ်တယ်ဆို သူတို့လည်း ပျော်စရာအခြေအနေမဟုတ်ဘူးဗျ။ အဲဒီတော့ အဲဒီလို အခြေအနေမှာ သခွပ်ပင်က မီးတကျည်ကျည် မဖြစ်အောင်လို့ တခုခုတော့ လုပ်လာလိမ့်မယ်လို့ထင်တယ်။ ကျနော်ထင်တာက အလွယ်တကူပြောလို့မရဘူး။ ဒါက ပြဿနာကြီးလည်းကြီးနိုင်တယ်၊ သေးလည်းသေးနိုင်တယ်။ ကြီးလည်းကြီးနိုင်တယ်ဆိုတာက ၂ နိုင်ငံ အရေးယူတာတွေ ဘာတွေဖြစ်နိုင်တယ်။ ဥပမာဆိုလို့ရှိရင် ဘယ်ကုန်တွေပိတ်တာတို့ ဘာတို့အဲဒါမျိုးတွေပေါ့လေ၊ ကုန်သွယ်ရေးကိုတရုတ်လုပ်နေကျအတိုင်း ကန့်သတ်လိုက်တာတို့ ဒါမျိုးတွေလုပ်ချင် လုပ်လာနိုင်တယ်။ ဒါမှမဟုတ်လည်း ငွေလေး၊ ကြေးလေးလျော်လိုက်လို့ရှိရင် ပြီးတာပါပဲဆိုပြီးတော့ ကျောသပ်ချင်လည်း ကျောသပ် လွှတ်လိုက်မှာပဲ။ စောင့်ကြည့်ရအုံးမယ်လို့ ကျနော်ထင်ပါတယ်"ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်ဖိုးသံချောင်းပါ။

မြန်မာစစ်အစိုးရအဆက်ဆက်ဟာ နိုင်ငံတကာမျက်နှာစာမှာ တရုတ်အစိုးရရဲ့ အကာအကွယ်ကို ယူခဲ့ရတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ ဒါကြောင့်လည်း သမ္မတဦးသိန်းစိန်က မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းလိုက်တာကို တရုတ်တို့ဘက်က အံ့အားသင့်သလို ဖြစ်စတုန်းကဆိုရင် လေသံခပ်မာမာနဲ့ ပြောခဲ့ဖူးတာတောင်တွေ့မှ ရှိပါတယ်။

ဒါကြောင့်လည်း အခုဒုတိယသမ္မတ ဦးတင်အောင်မြင့်ဦးရဲ့ခရီးစဉ်အတွင်း ဆည်စီမံကိန်းကိစ္စကို ဘယ်လိုဖြေရှင်းခဲ့မယ်ဆိုတာကို တရုတ်-မြန်မာ ဆက်ဆံရေးလေ့လာသူတွေအပါအဝင် မြန်မာတနိုင်ငံလုံးက စောင့်ကြည့်နေကြမှာဖြစ်ကြောင်းပါခင်ဗျား။

# ရန်ကုန် ဝန်ကြီးများရုံးအဆောက်အဦးကို ဟိုတယ်လုပ်ရန် ဦးခင်ရွှေ ကမ်းလှမ်း

**Mizzima | အောက်တိုဘာ ၁၉ ။** ။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့်နှစ်ပေါင်း ၁၂၀ သက်တမ်းရှိ ဝန်ကြီးများရုံးအဆောက်အအုံကို ဟိုတယ်လုပ်ငန်းလုပ်ကိုင်ချင်သူများရှိပါက ကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ MTB ဥက္ကဋ္ဌ ဦးခင်ရွှေက ပြောဆိုသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ရုံးမှာ အင်္ဂလိပ်တို့က အုပ်ချုပ်ရေးဗဟိုဌာနအဖြစ် ၁၈၉၀ ပြည့်နှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်ခေတ် အုပ်ချုပ်ရေးယန္တရား၏ အမြင့်ဆုံးဖြစ်ပြီး အတွင်းဝန်ချုပ်နှင့် အတွင်းဝန်များရုံးစိုက်ရာနေရာဖြစ်သည်။

"လုပ်ဦးမယ်ရယ်လို့မဟုတ်သေးဘူး။ Proposal ဝိုင်းတင်ကြ။ အဆောက်အဦးအများကြီးပေ့ါဗျာ။ အများကြီးထဲမှာ ဝန်ကြီးချုပ်ရုံးလည်းပါတာပေ့ါဗျာ။ အဆောက်အဦးတွေ အများကြီးရှိတယ်၊ နိုင်ငံတော်ပိုင် အဆောက် အဦးတွေ။ အဲဒီအများကြီးထဲက ကိုယ်ကြိုက်တဲ့ကောင်ကို ဝိုင်းပြီးတော့ ဝိုင်းတင်ကြ။ ဒါပါပဲ" ဟု MTB ဥက္ကဋ္ဌ ဦးခင်ရွှေက မဇ္ဈိမကို ပြောသည်။

နိုင်ငံတော်အနေဖြင့် ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး အတွက် လိုလားမှုရှိနေပြီး ၂၀၀၉ ခုနှစ်အထိ ဝန်ကြီးများရုံးအဖြစ် အသုံးပြုခဲ့သော အဆောက်အအုံကဲ့သို့ပင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ စစ်ရုံးချုပ်နေရာအပါအဝင် အစိုးရပိုင် အဆောက်အအုံများကိုလည်း စိတ်ဝင်စားပါက ကူညီပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

"နိုင်ငံတော်အနေနဲ့က အခုဟာက ဟိုတယ်တွေက ရန်ကုန်မှာ တော်တော်လေး လိုတယ်လေ။ လိုနေတဲ့အခါ ကျတော့ အမြန်ဖြည့်ဆည်းဖို့က နိုင်ငံတော်အဆောက်အဦးတွေကို လုပ်ဖို့ရှိတယ်။ လုပ်ပေးရမယ့် အပိုင်းမှာမှ အဲဒီအဆောက်အဦးတွေ အကုန်ပါတာပေ့ါဗျာ" ဟု ဦးခင်ရွှေက ဆိုသည်။

သို့သော် MBT အနေဖြင့် လုပ်ပိုင်ခွင့်ရမည်၊ မရမည်ကိုမူ အာမခံမည် မဟုတ်သော်လည်း နိုင်ငံတော်သို့ တင်ပြရန် အတွက်သာ ကူညီခြင်းဖြစ်သည်။ လုပ်ကိုင်လိုသူများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှတဆင့် နိုင်ငံတော်သို့ တင်ပြရမည်ဖြစ်သည်။

"တကယ်လို့ စိတ်ဝင်စားမယ်ဆိုရင် Proposal တင်၊ MTB ကနေ ဝိုင်းဝန်းဆောင်ရွက်ပေးမယ်ဆိုတာပါ။ MTB က ဘာမှ ဆုံးဖြတ်ပိုင်ခွင့်ရှိတာမဟုတ်ဘူး။ နိုင်ငံတော်က ပေးမယ်၊ မပေးဘူး ဆိုတာကတော့ ဘယ်သူမှ အာမခံလို့မရသေးဘူး" ဟု ဦးခင်ရွှေက ဆိုသည်။

သို့သော် သမိုင်းဝင်အတွင်းဝန်ရုံးကဲ့သို့သော အဆောက်အအုံအားငှားရမ်းမည်ဆိုပါက လွှတ်တော်တွင်း ကန့်ကွက်သွားမည်ဖြစ်ကြောင်းရွေးကောက်ပွဲဝင် ပါတီများက ပြောဆိုသည်။

"သေးသိမ်အောင်တော့ လုပ်ဖို့တော့ ကျနော်တို့မှာ ဆန္ဒမရှိဘူး။ သေးသိမ်တဲ့အဖြစ်မျိုး ရောက်အောင်လည်း ကျနော်တို့မခံလိုဘူးပေ့ါဗျာ။ ဒီအတွက် ကျနော်တို့ ဝိုင်းဝန်းပြီးတော့ ကာကွယ်ဖို့ကြိုးပမ်းကြရမှာပဲလေ။ အဲဒီတော့ သူတို့မှာ ဘယ်လိုပဲ အိုင်ဒီယာရှိရှိ အဲဒီအိုင်ဒီယာတက်လာရင် ကျနော်တို့ကချေဖျက်မှာပဲ" ဟု အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ - NDF ခေါင်းဆောင် ဦးခင်မောင်ဆွေက မဇ္ဈိမကို ပြောသည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလအတွင်းက ကိုလိုနီဗြိတိသျှအစိုးရကို တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြရာတွင် ပုလိပ်များက ရိုက်နှက်၍ ကျောင်းသားခေါင်းဆောင်ကိုအောင်ကျော် သေဆုံးခဲ့သည်မှာ အတွင်းဝန်ရုံးရှေ့တွင်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးဖိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ကက်ဘိနက်အဖွဲ့ဝင်များကို ဗြိုင်ဘက် နိုင်ငံရေးသမားဦးစော၏ လက်ပါးစေများကလုပ်ကြံ သတ်ဖြတ်ခဲ့သော နေရာလည်းဖြစ်ကာ ပထမဆုံးသော လွတ်လပ်သော မြန်မာနိုင်ငံ၏ အလံလွှင့်တင်သော အခမ်းအနားကျင်းပရာလည်းဖြစ်သည်။

"သမိုင်းကြောင်းအရ ထင်ရှားတဲ့ ဒီလိုအဆောက်အအုံမျိုးတွေတော့ နောင်လာနောင်သားပေ့ါဗျာ။ အစဉ်အဆက်ပြောပြ၊ ဆိုပြနိုင်အောင်ပေ့ါလေ။ ဒီအဆောက်အဦးကပြောတဲ့ သမိုင်းကြောင်းတွေကို ပြန်ပြီးတော့ ပြောနိုင်ဆိုနိုင်ဖို့ အတွက်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန အနေနဲ့ကပဲ ထိန်းသိမ်းစောင့်ရှောက်ထား သင့်တယ်" ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ-တစည ပြောခွင့်ရ ဦးဟန်ရွှေကဆိုသည်။

၂၀၁၀ ခုနှစ် အစောပိုင်းက အထည်ချုပ်၊ စားသောက်ကုန်၊ အိမ်သုံးကုန်၊ လျှပ်စစ်ပစ္စည်းနှင့် ရုပ်ရှင်ရုံ၊ အဆောက်အဦးများပါသော နိုင်ငံပိုင်လုပ်ငန်း ၁၁၀ ကျော်ကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းခဲ့ကြောင်း ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ၂၀၀၉ အတွင်း နိုင်ငံပိုင်အဆောက်အဦး၊ မြေယာနှင့်လုပ်ငန်းပေါင်း ၂၆၀ ကို ပုဂ္ဂလိကသို့ ရောင်းချခဲ့သည်။

# ပြောင်းဖို့ အချိန်ကောင်းဟု ဗြိတိန်ပြော

**RFA | အောက်တိုဘာ ၂၀ ။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်ရဲ့ သုံးသပ်ချက်အပေါ် အပြည့်အဝသဘောတူထောက်ခံကြောင်း ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးဌာနကမနေ့က ကြေညာချက် ထုတ်ပြန်ပါတယ်။

နိုင်ငံရေးအကျဉ်းသား အားလုံးကိုတိကျတဲ့ အချိန်ကာလသတ်မှတ်ပြီး လွှတ်ပေးဖို့၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုတရားဝင် နိုင်ငံရေးပါတီ အဖြစ် ရပ်တည်ခွင့်ပေးဖို့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ICRC ကို အကျဉ်းထောင်တွေ အတွင်း အပြည့်အဝ ဝင်ရောက်ခွင့်ပေးဖို့၊ စတဲ့အချက်တွေကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကအကြံပြုခဲ့တာပါ။

ဗြိတိန်နိုင်ငံ အနေနဲ့ မြန်မာအစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးနေတာကို ကြိုဆိုကြောင်း၊ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော် လွှတ်ပေးခဲ့တဲ့ အတွက် အားတက်ကြောင်း၊ ဒါတွေဟာ ရေရှည်လုပ်ငန်းစဉ်ရဲ့ အစပျိုးခြေလှမ်းဖြစ်ကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။

ဒါပေမယ့်လည်း အရေးကြီးတဲ့ လူ့အခွင့်အရေး ပြဿနာတွေ ဖြေရှင်းဖို့ ကျန်ရှိနေသေးကြောင်း၊ အခုအချိန်ဟာ စစ်မှန်တဲ့အပြောင်းအလဲ လုပ်ဆောင်ဖို့ အခွင့်အခါကောင်းဖြစ်ကြောင်း ဗြိတိန်အစိုးရရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

# အဖွဲ့ချုပ် မှတ်ပုံတင်ရေးကိစ္စ စီအာရ်ပီပီ ပြန်လည်ဆန်းစစ်နေ

**DVB । အောက်တိုဘာ ၁၈ ။** ။ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲကနေ မြင်တွေ့ရတဲ့ နိုင်ငံရေး အလှည့်အပြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) က အလေးထား အကဲခတ်နေသလို စီအာပီပီအဖွဲ့ဝင်ပါတီတွေ မှတ်ပုံတင်ရေးကိစ္စကို ပြန်လည်ဆန်းစစ်နေတယ်လို့ ကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရတဲ့ နိုင်ငံရေးပါတီတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ စစ်အစိုးရလက်ထက် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်က အန် အယ်လ်ဒီအပါအဝင် စီအာပီပီအဖွဲ့ဝင် ပါတီတွေကို ပါတီမှတ်ပုံမတင် သဖြင့်ပျက်ပြယ်တယ်လို့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကကြေ ညာခဲ့တာကြောင့် ဒီကြေညာချက်အပေါ် ပါတီတွေက တရားဝင်ရပ်တည်ခွင့်ရှိတယ်လို့ ကိုင်စွဲပြီး တရားရင်ဆိုင်ကြပါတယ်။ အတွင်းရေးမှူးဦးအေးသာအောင်ကို မေးမြန်းထားပါတယ်။

**DVB ။** ။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတွေကလည်း လေးစားတယ် အသိအမှတ်ပြုတယ်လို့ ထုတ်ပြောထားတဲ့ ဒေါ်အောင်ဆန်းစုကြည်လည်း အကျယ်ချုပ်ဘဝကလွတ်နေတယ်။ ဦးဝင်းတင်၊ ဦးတင်ဦး၊ အန်ကယ်တို့လည်း အပြင်မှာရှိနေတယ်။ ဖျက်သိမ်းခံရတဲ့ တိုင်းရင်းသားပါတီတွေရှိတယ်ဆိုပေမယ့်လည်း အသစ်ပေါ်ထွန်းလာတဲ့ ပါတီတွေလည်း ရှိနေကြပြီဆိုတော့ သမ္မတကလည်း ငြိမ်းချမ်းရေး အတွက် လွှတ်တော်ကနေ သဝဏ်လွှာတွေပို့တာတွေ့တယ်ဆိုတော့ ဒီလိုမျိုး ဆုံချက်တခုကို စီအာပီပီအနေနဲ့ အမိအရစွဲကိုင်ပြီးတော့ သုံးပွင့်ဆိုင်ဖြစ်အောင် အန်ကယ်တို့အနေနဲ့ ဘယ်လိုမျိုး မဟာ ဗျူဟာအရ ချမှတ်ဆောင်ရွက်နေပါသလဲ။

**ဦးအေးသာအောင် ။** ။ "ကျနော်တို့က စီစဉ်တာက တနေရာမှာ အားလုံးဆုံတွေ့ပြီးတော့ ညီလာခံတခုကျင်းပတာမျိုး မလုပ်နိုင်သည့်တိုင်အောင် ကျနော်တို့ ဖိတ်ခေါ်တာက အင်တာနက်ကပဲ ဖြစ်ဖြစ်၊ စာတမ်းတွေပို့တာပဲဖြစ်ဖြစ်၊ နည်းမျိုးစုံနဲ့ တိုင်းရင်းသားကိစ္စ အရေးအရာတွေကို ဆွေးနွေးပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်တင်ပြတဲ့ စာတမ်းတွေ ပြောဆိုချက်တွေကို ရလာတဲ့အချိန်မှာ စစ်ဆေးပြီးတော့ ကျနော်တို့ ကျင်းပလိုတဲ့ဆန္ဒတွေရှိတယ်။ ဒါပေမယ့် စာတမ်းတွေ လုံလုံလောက်လောက် မတက်လာတာရှိသလို သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးပွဲကနေပြီးတော့ နိုင်ငံရေးအလှည့်အပြောင်းတခုကိုကျနော်တို့မြင်နေရတယ်။အဲဒီအလှည့်အပြောင်းမှာရှေ့ဆက်မယ့်အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့လုပ်ငန်းစဉ်တွေ ဘယ်လိုများပေါ်လာမလဲ။တိုင်းရင်းသားအားလုံးပါဝင်မယ့် နိုင်ငံရေးဆုံချက်တခုရနိုင်မလား။

ဒါတွေကိုလည်းကျနော်တို့ကလေ့လာနေပါတယ်။အထူးသဖြင့် သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲကို စီအာပီပီအနေနဲ့ အကောင်းမြင်ပါတယ်။ လိုလိုလားလားလည်း ရှိပါတယ်။ တချို့အချက်အလက်တွေကိုဒေါ်အောင်ဆန်းစုကြည်ကတဆင့် သိရတာလည်းရှိပါတယ်။ ဒီအပေါ်မှာကျနော်တို့က နိုင်ငံရေးအပြောင်းအလှည့်တခုပေါ့။ ကောင်းမွန်တဲ့ မှန်ကန်တဲ့ အပြောင်းအလှည့်ဖြစ်ဖို့မျှော်လင့်တယ်။

ဒါနဲ့အတူ တိုင်းရင်းသားများရဲ့ ပင်လုံအခြေခံအပါအဝင် တိုင်းရင်းသားပြဿနာများဟာလည်း ဒီအပြောင်းအလှည့်မှာ တပါတည်းပါဖို့အတွက် အာရုံစိုက်တယ်။ ဒီအတွက်လည်း ထပ်ပြီးတော့ ဆွေးနွေးဖို့ အကျဉ်းသားများ နောက်ထပ်လွှတ်ပေးဖို့ အခြေအနေအရပ်ရပ်တွေကလည်း နည်းနည်းအချိန်ယူရမယ့် အနေအထားမျိုးမှာရှိပါ တယ်။"

**DVB ။** ။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကနေဖျက်သိမ်းတယ်ဆိုပြီး ကြေညာတဲ့ အန်အယ်ဒီအပါအဝင် တိုင်းရင်းသားပါတီတွေ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရတဲ့ ပါတီတွေအနေနဲ့ အခုအချိန်မှာ ပါတီတွေ မှတ်ပုံတင်ဆိုရင်လည်းတင်လိုက်။ ရွေးကောက်ပွဲဝင်ဆိုလည်း ဝင်လိုက်။ အဲဒီနည်းလမ်းဟာ နိုင်ငံရေးလုပ်ဖို့အတွက် အသင့်တော်ဆုံး အခြေအနေမျိုးဆိုပြီး အကယ်၍သာ ဒါမလုပ်ရင် ဘာလုပ်မလဲဆိုပြီး အသံကအခုတလော ပြန်ကျယ်လာတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ စီအာပီပီ အဖွဲ့ဝင်တွေထဲက မှတ်ပုံတင်ရေး၊ ရွေးကောက်ပွဲဝင်ရေးနဲ့ ပတ်သက်လို့ ဘယ်လိုမျိုး အန်ကယ်တို့ စဉ်းစားပါသလဲ။

**ဦးအေးသာအောင် ။** ။ "ကျနော်တို့လည်း စဉ်းစားပါတယ်။ အဓိက ကတော့ ကျနော်တို့တိုင်းပြည်က ဆင်းရဲတွင်းနက်တဲ့တိုင်းပြည်။ ဒီဆင်းရဲတွင်းကရုန်းထွက်နိုင်ဖို့ ကျနော်တို့က လူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေ လက်နက်ကိုင်ပဋိပက္ခတွေကို ချုပ်ငြိမ်းပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ဖို့၊ ပြီးတော့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့၊ နောက်ဆုံး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့အထိပေါ့။

အဲတော့ ဒီလုပ်ငန်းစဉ်တွေအပေါ်မှာ ကျနော်တို့က အာရုံစိုက်ပြီးတော့ အကျိုးရှိမယ်ဆိုရင် ကျနော်တို့က ဘယ်လိုပဲဖြစ်ဖြစ် ဘယ်လိုအဖွဲ့အစည်းနဲ့မဆို ဘယ်လိုပုံသဏ္ဍာန်နဲ့မဆို လက်တွဲဆောင် ရွက်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ရှိပါတယ်။ တချို့လည်း လာဆွေးနွေးကြပါတယ်။ အဲတော့ စောစောကပြောသလို နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာဖို့ အနေအထားတွေ၊ ပြီးတော့ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ ဖြစ်ထွန်းမှု အနေအထားတွေပေါ်မူတည်ပြီးတော့ ကျနော်တို့က ဆက်လက်ဆွေးနွေးညှိနှိုင်းပြီးတော့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရမယ့်အလုပ်တွေကို တိုင်းပြည်အကျိုးပြည်သူတွေအကျိုးအတွက် လုပ်သွားမှာဖြစ်ပါတယ်။"

**DVB ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တွေ့တယ်။ သမ္မတကြီးကတောင် တွေ့တယ်ဆိုတော့ အခု အန်ကယ်တို့တွေ့ တာတပိုင်းထားပြီးတော့ အကယ်၍ စစ်မြေပြင်တွေမှာ ကချင်၊ ရခိုင်၊ ကရင်၊ မွန်၊ ရှမ်းစသဖြင့် အထူးသဖြင့် တိုင်းရင်းသားတွေ ထောင်သောင်းပေါင်း များစွာဒုက္ခခံနေရတဲ့ဘဝကလွတ်အောင် စစ်ပွဲတွေချက်ချင်းရပ်အောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အား၊ စီအာပီပီရဲ့ အားနဲ့ အစိုးရကို နားချလို့ မရနိုင်ဘူးလား။ သူတို့အတော် ဒုက္ခရောက်နေတယ်ပြောကြပါတယ်။

**ဦးအေးသာအောင် ။** ။ "အဓိက တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ စစ်ပွဲတွေက ရှည်လျားသလို တိုင်းရင်းသားပြည်သူတွေရဲ့ နေ့တိုင်းလိုလို ခံစားနေရတဲ့ဒုက္ခတွေကိုလည်း ကြားလည်းကြားတယ်သိလည်းသိတယ် ခံလည်းခံစားရတယ်။ ကျနော်တို့ဖြစ်စေချင်တာက ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရအနေနဲ့ တတိုင်းပြည်လုံး အတိုင်း အတာနဲ့အပစ်အခတ် ရပ်စဲပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ ကျနော်တို့ တိုက်တွန်းလိုတယ်။

စီအာပီပီ အနေနဲ့ပဲဖြစ်ဖြစ် တိုင်းရင်းသားပါတီ ခေါင်းဆောင်တယောက်အနေနဲ့ပဲဖြစ်ဖြစ်၊ တိုင်းရင်းသားတယောက် အနေနဲ့ပဲဖြစ်ဖြစ် ကျနော်တို့ပြောချင်တာကတော့ တကယ့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ဆိုရင် ချက်ချင်းပဲ တတိုင်းပြည်လုံး အတိုင်းအတာနဲ့ ပြည်တွင်းစစ်ရပ်စဲဖို့အတွက် အပစ်အခတ်ကို တတိုင်းပြည်လုံးအတိုင်းအတာနဲ့ ရပ်စဲပါ။ ပြီးတော့ ဆက်လက်ပြီးတော့ နိုင်ငံရေးအရ ဆွေးနွေးဖို့ တိုက်တွန်းလိုပါတယ်။"

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

## အပိုင်း ၄

ခင်မမမျိုး

**ယခင် အပတ်အဆက်**

ပြောင်းလဲမှုအရှိန်အား မြှင့်တင်ခြင်း

ပြောင်းလဲမှုသို့ ဦးတည်တဲ့ ခြေလှမ်းတွေ စတင်နေချိန်မှာပဲ အဖြစ်အပျက်တွေကမြန်ဆန်လွန်းတာကြောင့်အပြန်အလှန်မယုံကြည်မှုတွေ၊ မသေချာ မရေရာမှုတွေနဲ့ စိတ်ရှုပ်ထွေးမှုတွေ ပေါ်ထွက်လာခဲ့ပါတယ်။ စိတ်ခံစားမှုတွေက အတက်အကျ ဖြစ်လာကြပါတယ်။ မူလက နိုင်ငံရေးအရ ဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေကို လူဖြူတွေနဲ့ လူမည်းတွေအကြား ပြုလုပ်ခဲ့ကြရာက အသွင်ပြောင်းပြီး၊ ဘက်တဘက်ထဲမှာ ပါဝင်နေကြသူတွေ အချင်းချင်း တိုက်ခိုက်ဝေဖန်မှုတွေဖြစ်ပွားလာပါတယ်။ အခြေအနေတွေက ရှုပ်ထွေးနေတာကြောင့် နားလည်မှုတွေ လွဲလာကြပါတယ်။ ဂိုဏ်းဂဏ ကွဲပြားမှုတွေ ဖြစ်ပွားလာပါတယ်။ အပြောင်းအလဲကာလရဲ့ ထုံးစံနဲ့အညီ ရာဇဝတ်မှုတွေထူပြောလာပါတယ်။ နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေရှိလာပါတယ်။

ဒါကြောင့် အခြေအနေကို ထိန်းကျောင်းဖို့အတွက် ဘာသာရေးခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ လူထုလူတန်းစားအလွှာအသီးသီးက လူမှုရေးရေချိန် မြင့်မားသူတွေနဲ့ နိုင်ငံရေးသမားတွေ ပေါင်းစည်းပြီး National Peace Accord (NPA) ကို တည်ထောင်လာကြပါတယ်။ NPA မှာ နိုင်ငံတော်ငြိမ်းချမ်းရေးကော်မတီ၊ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကော်မတီတွေနဲ့ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဆိုင်ရာ ကော်မတီတွေ အဆင့်ဆင့် ပါဝင်ပြီး ၊ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

တဘက်မှာလဲ အေအင်စီနဲ့ အန်ပီ (National Party- de Klerk အစိုးရကို ကိုယ်စားပြုသောပါတီ) ခေါင်းဆောင်တွေက သဘောတူညီထားပြီးဖြစ်တဲ့ Pretoria Minute ကို ဆုပ်ကိုင်ပြီး စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အရှိန်မြှင့်တင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ တောင်အာဖရိကမှာ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကို အေအင်စီခေါင်းဆောင်တွေနဲ့ အန်ပီခေါင်းဆောင်တွေပဲ တွေ့ဆုံ ဆွေးနွေးရုံနဲ့ဖြေရှင်းနိုင်မှာမဟုတ်ဘူးဆိုတာကို နှစ်ဘက်ခေါင်းဆောင်တွေအားလုံးကနားလည် ထားခဲ့ကြပါတယ်။ ဒီအတွက် လူဖြူ၊ လူမည်းအဖွဲ့အစည်းအသီးသီး၊ ပါတီအသီးသီးကို ကိုယ်စားပြုခေါင်းဆောင်များပါဝင်တဲ့ ပါတီစုံစေ့စပ်ဆွေးနွေးရေးဖိုရမ် (multi-party negoti ation forum) တခုပေါ်ပေါက်လာဖို့ ထပ်ဆင့်ကြိုးပမ်းပြီး၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ် လာ ကြပါတယ်။

ဒီလိုနဲ့ (၁၉၉၁)ခုနှစ်၊ ဒီဇင်ဘာလမှာတော့ နှစ်ဘက်ခေါင်းဆောင် အများအပြားပါဝင်တဲ့ Convention for a Democratic South Africa (CODESA) ကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ဒီညီလာခံကြီးကို ကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများကို ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲပြင်ဆင်ပြဋ္ဌာန်းရန်၊ ညင်သာသော ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် တိုင်းပြည်၏ ပထမဦးဆုံးသော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ရန် စတာတွေ ဖြစ်ပါတယ်။

တပြိုင်နက်တည်းမှာပဲ Convention for a Democratic South Africa (CODESA) နဲ့ ပတ်သက်ပြီး ဆန့်ကျင်ကန့်ကွက်မှုတွေကလဲ ပေါ်ထွက်လာပါတယ်။တဘက်နဲ့တဘက် အနိုင်တိုက်ရေးလမ်းကြောင်းတွေပေါ်မှာ နှစ်ပေါင်းများစွာ လျှောက်လှမ်းလာခဲ့တဲ့အခြေအနေ တခုကို ပြောင်းလဲဖို့ ကြိုးပမ်းတဲ့အခါ ဒီလိုဆန့်ကျင်ကန့်ကွက်မှုတွေ ပေါ်ထွက်လာတတ်လေ့ရှိတာ ဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လိုတဲ့ခေါင်းဆောင်တွေနဲ့ပညာရှင်တွေက စိတ်ရှည်ရှည်ထားပြီး ပြောပြရှင်းလင်းပေးဖို့လိုအပ်ပါတယ်။ ဒီလို မဟုတ်ပဲ ပြုပြင်ပြောင်းလဲရေးကိုမလို လားသူများလို့ပြောဆိုမှုတွေရှိလာခဲ့ရင် နာကျည်းမှုတွေ၊ မခံချင် စိတ်တွေကနေအစွန်းရောက်အတွေးအခေါ်တွေ ပေါ်ထွက်သွားစေတတ်ပါတယ်။

လူဖြူတွေဘက်မှာဆိုရင် de Klerk ဟာ ကိုယ့်ဘက်က လူဖြူတွေကို ချနင်းနေတယ်၊ ရောင်းစားနေတယ်လို့ စွပ်စွဲမှုတွေရှိလာခဲ့ သလို၊ လူမည်းတွေဘက်မှာလဲ မင်ဒဲလားခေါင်းဆောင်တဲ့ အေအင်စီရဲ့ သဘောထားတွေ၊ ပြုမူဆောင်ရွက်ပုံတွေကို အယုံအကြည်မရှိဘူးလို့ အဆိုတင်သွင်းမှုတွေ၊ ရန်သူဖြစ်ခဲ့တဲ့ လူဖြူတွေနဲ့ ပေါင်းသွားပြီလို့ စွပ်စွဲမှုတွေ ရှိလာခဲ့ပါတယ်။ ဒီအပေါ်မှာ အေအင်စီ ခေါင်းဆောင်တွေနဲ့ အန်ပီခေါင်းဆောင်တွေက စွပ်စွဲမှုပြုလုပ်တဲ့ အဖွဲ့အစည်းတွေ၊ ပါတီတွေ၊ လူပုဂ္ဂိုလ်တွေကို စိတ်ရှည်ရှည်နဲ့ ရှင်းလင်းပြောကြားမှုတွေ၊စေ့စပ်ဆွေးနွေးရေးညီလာခံ လမ်းကြောင်းပေါ်ကို ရောက်လာအောင်စည်းရုံးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် အချို့အဖွဲ့အစည်းများနဲ့ ခေါင်းဆောင်များကလဲ ညီလာခံကို သပိတ်မှောက်ပြီး၊ အေအင်စီပါတီနဲ့ အန်ပီပါတီတို့ကို ညီလာခံပြင်ပတိုက်ပွဲ လမ်းကြောင်းပေါ် ပြန်ရောက်လာအောင် စည်းရုံးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒီလို ညီလာခံပြင်ပတိုက်ပွဲတွေအတွက် အားထုတ်ကြိုးပမ်းမှုတွေ ရှိနေဆဲမှာပဲ ညီလာခံတွင်းတိုက်ပွဲတွေ ကလဲ တစတစပြင်းထန်နေခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးရေး (negotiation) ဆိုတာ ပူးပေါင်းဆောင်ရွက်ရေး (collaboration)နဲ့ မတူညီပါဘူး။ စေ့စပ်ဆွေးနွေးရေးဆိုတာ တဘက်နဲ့တဘက် အမြင်မတူညီမှုတွေကို ညှိနှိုင်းဆွေးနွေးပြီး ရလဒ်တခု ပေါ်ထွက်လာအောင် ပြုလုပ်ရတာဖြစ်ပြီး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုတာကကျတော့ မတူညီမှုတွေကို ဘေးဖယ်ပြီး တူညီတဲ့အလုပ်တွေကို ပူးတွဲအကောင်အထည်ဖော်ဆောင်ရေးဖြစ်ပါတယ်။

စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကိုအကောင်အထည်ဖော်ဆောင်ကြရာမှာ issues တွေ အများအပြား ပါဝင်လာပါတယ်။ အချို့ issue တွေကို ပူးပေါင်းဆောင်ရွက်ခြင်း ချဉ်းကပ်နည်းလမ်းနဲ့ အကောင်အထည်ဖော်နိုင်ပေမယ့် အချို့ issue တွေကိုအပြန်အလှန်တွန်းအား (lever age)

**စာမျက်နှာ ၁၈ သို့**

# သမတထံ ဦးသိန်းစိန်ကို လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ရန် ထပ်မံတောင်းဆို

**RFA ၊ အောက်တိုဘာ ၂၁ ။** ။ကျန်ရှိသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထပ်မံထုတ်ပြန်ပေးပါရန် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလက်မှတ်ရေးထိုးလှုပ်ရှားသူတွေက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံဒီနေ့ ပန်ကြားလိုက်ပါတယ်။

ဒါ့အပြင် နိုင်ငံရေးအကျဉ်းသားတွေ အားလုံး လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရကို တိုက်တွန်းနားချပေးဖို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသထံ သီးခြားစာတစ်စောင်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးပြန်လည်လွတ်မြောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးဖို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြထံ သီးခြားစာတစ်စောင်ကိုလည်း သူတို့က ပေးပို့လိုက်ပါတယ်။

အောက်တိုဘာ ၁၁ ရက်နေ့က ထုတ်ပြန်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားတွေ လွတ်မြောက် လာတာကို ကြိုဆိုတဲ့အကြောင်း၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလက်မှတ်ရေးထိုး လှုပ်ရှားမှုကို ဦးဆောင်သူတစ်ဦးဖြစ်တဲ့ ၈၈ ကျောင်းသားနိုင်ငံရေးအကျဉ်းသားဟောင်းကိုတိုးကျော်လှိုင်က ပြောပါတယ်။

"ကောင်းရာမွန်ရာလုပ်တာကို ကျနော်တို့က ကျေးဇူးလည်းတင်တယ်။ ဂုဏ်လည်းပြုတယ်၊ အသိအမှတ်လည်းပြုတယ်။ ဒါကိုလည်း ပထမတစ်ပိုင်းပြောထားပါတယ်။ ဒါ့ကြောင့် ဒီကောင်းတဲ့အစဉ်အလာတွေကို ဆက်လုပ်ပါလို့ ကျနော်တို့က တိုက်တွန်းတာပေါ့နော်"

လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ လွတ်မြောက်လာသူတွေထဲ နိုင်ငံရေးအကျဉ်းသားတွေ ပါရှိပေမဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ဒါမှမဟုတ်နိုင်ငံရေး အကျဉ်းသား တစ်ထောင်ကျော်လောက် ဆက်လက် အကျဉ်းကျနေတာမို့ သူတို့အားလုံး လွတ်မြောက်ရေးအတွက် ခုလို မေတ္တာရပ်ခံစာတွေ ပေးပို့ရတာလို့လည်း ကိုတိုးကျော်လှိုင်က ပြောပါတယ်။

နိုင်ငံတဝန်းက အကျဉ်းထောင်တွေမှာ မလွတ်မြောက်သေးဘဲကျန်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး ဆောင်ရွက်ပေးဖို့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လက်မှတ်ရေးထိုးလှုပ်ရှားသူတွေက မေတ္တာရပ်ခံစာ သုံးစောင် ဒီနေ့ ထုတ်ပြန်လိုက်ပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

တွေအသုံးပြုပြီးအကောင်ထည်ဖော်ကြရပါတယ်။ဒါကြောင့်ပူးပေါင်းဆောင်ရွက်ရေးဆိုတာစေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ရဲ့အစိတ်အပိုင်းအဆင့်တခုသာဖြစ်ပြီး၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ရဲ့ အဆုံးသတ်ရလာဒ်ကို ဆောင်ကျဉ်းပေး နိုင်မှာတော့မဟုတ်ပါဘူး။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်မယ်ဆိုရင်တော့ မတူညီမှုကို ညှိနှိုင်းဆွေးနွေးပြီး ရလာဒ်တခုပေါ်ထွက်လာအောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

တောင်အာဖရိကမှာ ပေါ်ထွက်ခဲ့တဲ့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ဟာမတူညီမှုတွေကို ဘေးဖယ်ပြီး တူညီတဲ့အလုပ်တွေကိုပဲ အကောင်အထည်ဖော်ကြတဲ့ ပူးပေါင်းဆောင်ရွက်ရေးအဆင့်မှာပဲ ရှိခဲ့တာ မဟုတ်ပါဘူး။ မတူညီမှုတွေကို ညှိနှိုင်းဆွေးနွေးပြီး ရလာဒ်တခု ပေါ်ထွက်လာအောင်လုပ်ဆောင်ခဲ့ကြတာ ဖြစ်တဲ့အတွက် Convention for a Democratic South Africa (CODESA) ကို ကျင်းပနေဆဲမှာပဲ အပြန်အလှန် Leverage တွေ အသုံးပြုခဲ့ရပါတယ်။

အတွေးအမြင်၊ အယူအဆပိုင်းဆိုင်ရာ မတူညီမှုတွေ အများအပြားရှိတဲ့အနက် အရေးကြီးဆုံးကိစ္စရပ်ကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းနေဆဲကာလမှာ ဘယ်သူတွေက အုပ်ချုပ်မလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ လူဖြူအစိုးရက စေ့စပ်ဆွေးနွေးနေဆဲကာလမှာ သူတို့ဆက်လက်အုပ်ချုပ်မယ်လို့ အဆိုတင်သွင်းပါတယ်။ တောင်အာဖရိကနိုင်ငံရဲ့ ရှုပ်ထွေးတဲ့ နိုင်ငံရေးအခြေအနေတွေအရ အစိုးရအုပ်ချုပ်မှုယန္တရားက ရုတ်ခြည်း ပျောက်ကွယ်သွားပြီး၊ အလားအလာရှိမယ်ထင်တဲ့ အခြားနိုင်ငံရေးအဖွဲ့အစည်းတွေကို တလက်ကနေ နောက်တလက်လွှဲပြောင်းနေဆဲမှာတင် စေ့စပ်ဆွေးနွေးရေးလမ်းစဉ် ကွယ်ပျောက်သွားပြီး၊ နိုင်ငံရေးဖြစ်စဉ် ရှုပ်ထွေးမှုတွေ ဆက်ဖြစ်လာနိုင်တယ်လို့ သူတို့က အဆိုပြုခဲ့ပါတယ်။

တဘက်မှာကလဲ အေအင်စီနဲ့ မဟာမိတ်အဖွဲ့တွေက ဒီလိုအခြေအနေမျိုးကို ယုံကြည်မှုမရှိပါဘူး။ အစိုးရအနေနဲ့ စေ့စပ်ဆွေးနွေးနေတဲ့ ဘက်တဘက် နေရာသာမက ဒိုင်လူကြီးနေရာမှာ ရယူထားတဲ့ အခြေအနေဖြစ်တာကြောင့် ဘက်မလိုက်ပဲ စစ်မှန်တဲ့ ဆွေးနွေးပွဲရလာဒ်တွေ ပေါ်ထွက်လာဖို့ ခဲယဉ်းတယ်လို့ သူတို့က ယူဆပါတယ်။တောင်အာဖရိက အသံလွှင့်ဌာနဟာ အစိုးရဝါဒဖြန့်ချိရေး ယန္တရားဖြစ်နေခြင်း၊ စစ်တပ်မှ ကြားနေမဟုတ်ခြင်း၊ အစိုးရဘက်မှာ စစ်တပ်နဲ့ လုံခြုံရေးတပ်များရှိနေခြင်း၊ မီဒီယာလွပ်လပ်ခွင့်မရှိခြင်းစတာတွေဟာ အစိုးရဘက်ကို အသာစီးမှ ဆုံးဖြတ်ခွင့်ပါဝါများ ပေးအပ်ထားတယ်လို့ အတိုက်အခံများကသုံးသပ်ကြပါတယ်။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်မှာ တဘက်က အသာစီးအနေအထားရှိနေခဲ့ရင် တရားမျှတတဲ့ ရလာဒ်ပေါ်ထွက်လာမှာ မဟုတ်တဲ့အတွက် အစိုးရရဲ့ အဆိုပြုချက်ကိုအတိုက် အခံတွေက လက်မခံကြပါဘူး။

ဒါကြောင့် တိုင်းပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲဖို့အတွက် ပါလီမန်အသစ်တခု ပေါ်ထွက်လာဖို့ လိုအပ်တယ်လို့ နှစ်ဘက်ခေါင်းဆောင်များက သဘောတူဆုံးဖြတ်ခဲ့ရပါတယ်။ အဲဒီမှာ တင်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲအတည်ပြုရေးနဲ့ ပတ်သက်ပြီး procedural deadlock တခု ထပ်ပြီး ပေါ်ထွက်လာပါတယ်။ ပါလီမန်အသစ်ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲတဲ့အခါ ပါလီမန်ရဲ့ (၇၅) ရာခိုင်နှုန်းက လက်ခံမှသာ မူကြမ်းပါအချက်အလက်တွေကို အတည်ပြုပြဌာန်းဖို့ အစိုးရဘက်က အဆိုတင်သွင်းပါတယ်။ အတိုက်အခံတွေဘက်ကလဲ ဒါကို နိုင်ငံရေးထောင်ချောက်ဆိုတာ သဘောပေါက်နားလည်ခဲ့ကြပါတယ်။ ဒီလိုသတ်မှတ်ခြင်းအားဖြင့် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲပြဌာန်းနိုင်ရေးမှာ အခက်အခဲတွေ ဖြစ်လာစေနိုင်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဂျပန်နိုင်ငံကို ရောက်ရှိ

**VOA । အောက်တိုဘာ ၂၀ ။** ။ ဂျပန်နိုင်ငံကို ၃ ရက်ကြာ ခရီးရောက်ရှိနေတဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဒီခရီးစဉ်ဟာ ၂ နိုင်ငံကြား နှစ်နိုင်ငံအကြား ဆက်ဆံရေးနဲ့ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တွန်းအားတရပ်ဖြစ်တယ်လို့ ပြောလိုက်ပါတယ်။ ဂျပန်အစိုးရဝန်ကြီးအဖွဲ့ ဝန်ကြီးအိုစာမုဖူဂျီမုရနဲ့ ဒီကနေ့ တွေ့ဆုံခဲ့ရာမှာ သူက အခုလို ပြောကြားလိုက်တာပါ။ မြန်မာအစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲမှုခြေလှမ်းတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ဂျပန်နိုင်ငံက ခြွင်းချက်နဲ့ ပြန်လည်ကူညီပေးဖို့ စီစဉ်နေတဲ့ ODA ခေါ် ဖွံ့ဖြိုးမှုအကူအညီတွေကို ဘယ်လိုကဏ္ဍတွေအတွက် ခွဲဝေချထားပေးမလဲဆိုတာနဲ့ ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုလည်း ဒီခရီးစဉ်မှာပါမှာဖြစ်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုပါတယ်။ ဒီအကြောင်း ဆက်သွယ်မေးမြန်းထားတဲ့ ဒေါ်ခင်စိုးဝင်းက တင်ပြထားပါတယ်။

ပထမဆုံးအကြိမ် နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆက်ဆံရေးပုံမှန် ပြန်လည် စတင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဦးဝဏ္ဏမောင်လွင်ဟာ ဒီကနေ့ ဂျပန်နိုင်ငံဝန်ကြီးချုပ် ယိုရှိဟီကို နိုဒါရဲ့ အစိုးရအိမ်တော်ကို သွားရောက်ပြီးတော့ ဂျပန်အစိုးရဝန်ကြီးအဖွဲ့ ဝန်ကြီးအိုစာမုဖူဂျီမုရနဲ့ တွေ့ဆုံခဲ့ရာမှာ ဒီခရီးစဉ်နဲ့ ပတ်သက်ပြီး အခုလို မှတ်ချက်ချ ပြောဆိုခဲ့ပါတယ်။

"ကျွန်တော်ရဲ့ခရီးစဉ်ဟာ နှစ်နိုင်ငံကြားမှာရှိပြီးသားဖြစ်တဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေကို ပိုမိုတိုးတက်ခိုင်မြဲစေဖို့အတွက် တွန်းအားပေးစေမယ်လို့လည်း ယူဆပါတယ်"

မြန်မာနိုင်ငံမှာ သမ္မတဦးသိန်းစိန်အစိုးရ တက်လာပြီး ပြုပြင်ပြောင်းလဲရေးတွေ အထိုက်အလျောက်အကောင်အထည်ဖော် တဲ့အနေနဲ့ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်ကို လွှတ်ပေးခဲ့တာဟာ အပြုသဘောဆောင်ပေမယ့်လို့ တကယ့်စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကျန်ရှိနေသေးတဲ့နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့ လိုသေးတယ်လို့ ဂျပန်အစိုးရဝန်ကြီး အဖွဲ့ဝန်ကြီး အိုစာမိုဖူဂျီ မုရက တိုက်တွန်းလိုက်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။

ဒါ့အပြင် မြန်မာဒီမိုကရေစီရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ဖို့ကိုလည်း ဂျပန်အစိုးရကတိုက်တွန်းနေတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံဘက်က ပြုပြင်ပြောင်းလဲရေးတွေကို သိသိသာသာ အကောင်အထည်ဖော်လာတာနဲ့အမျှ ဂျပန်နိုင်ငံဘက်ကလည်း ဖွံ့ဖြိုးမှုအကူအညီတွေ တိုးပြီးပေးသွားမှာဖြစ်တယ်လို့ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရှင်းဂျိမီနာမိက အခုလိုပြောပြပါတယ်။

"ဂျပန်ကနေပေးအပ်မယ့် ODA ခေါ်ဖွံ့ဖြိုးမှု အကူအညီနဲ့ပတ်သက်ပြီး ဆွေးနွေးကြတဲ့နေရာမှာ အထောက်အပံ့တွေရော ချေးငွေတွေ၊ နည်းပညာအထောက်အပံ့ပေးတာတွေ စသဖြင့် စီမံကိန်း အသစ်တွေကို ဒီနှစ် ဖွန်လအထိ ဆိုင်းငံ့ခဲ့ထားခဲ့ရာကနေ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ODA မူဝါဒကို ပြန်လည်ပြင်ဆင်ခဲ့တာဖြစ်တယ်လို့ ပြောပြသွားတာပါ။"

၂၀၀၇ ခုနှစ်၊ သံဃာတော်တွေ မေတ္တာပို့ကြွချီတဲ့ လှုပ်ရှားမှုအတွင်း လုံထိန်းတွေက ပစ်ခတ်ခဲ့လို့ ဂျပန် သတင်းထောက်တစ်ဦး သေဆုံးခဲ့ရပြီးနောက်ပိုင်း ODA ဖွံ့ဖြိုးမှု အကူအညီ စီမံကိန်းအသစ်တွေကို ဆိုင်းငံ့ထားခဲ့တာ ဒီနှစ်ဖွန်လအထိ ဖြစ်ပါတယ်။

ဝန်ကြီးဦးဝဏ္ဏမောင်လွင်ဟာ မနက်ဖြန် အောက်တိုဘာလ ၂၁ ရက်နေ့မှာတော့ အိမ်ရှင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုအိချီရို ဂန်ဘိုနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးတာဟာ အပြုသဘောဆောင်တဲ့ ခြေလှမ်းဖြစ်တဲ့အတွက် ကြိုဆိုလိုက်ရင်းနဲ့ ဒီမိုကရေစီ အသွင်ပြောင်းလဲရေးရှေးရှုတဲ့နေရာမှာ ဂျပန်နိုင်ငံက ထောက်ခံအားပေးသွားမယ်လို့လည်း ကမ်းလှမ်းထားတာရှိပါတယ်။

ဝန်ကြီးဦးဝဏ္ဏမောင်လွင်ရဲ့ ၃ ရက်ကြာမယ့် ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အလားအလာတွေကိုလည်းဆွေးနွေးသွားမှာ ဖြစ်တယ်လို့လည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောဆိုထားပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံရဲ့ စက်မှုလုပ်ငန်း မှာ အရေးပါတဲ့ ရှားပါးမြေသတ္တုရိုင်းတွေကို မြန်မာနိုင်ငံကနေ ဝယ်ယူဖို့အရေးကိုလည်း ဆွေးနွေးဖွယ်ရှိတယ်လို့ ဂျပန်က လာတဲ့သတင်းတွေမှာ ဖော်ပြထားပါတယ်။

# နိုင်ငံရေးအကျဉ်းသားများ ထပ်လွှတ်နိုင်

**RFA । အောက်တိုဘာ ၂၀ ။** ။ ဦးသိန်းစိန်အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို နောက်တကြိမ် လွှတ်ပေးကောင်းလွှတ်ပေးလိမ့်မယ်လို့ အစိုးရ အကြံပေးအရာရှိ ဦးကိုကိုလှိုင်က မနေ့ကပြောပါတယ်။

အဲဒီလိုလွှတ်ပေးဖို့တရားဝင် ဆုံးဖြတ်ချက်ချထားတာမရှိပေမဲ့ နောက်ထပ် လွှတ်ငြိမ်းချမ်းသာခွင့်က မကြာခင်မှာ ဖြစ်နိုင်ခြေရှိတယ်လို့ မိမိထင်မြင်မိကြောင်း၊ ဆက်ပြီးအကျဉ်းချစရာအကြောင်းမမြင်ကြောင်း သူက ပြောပါတယ်။

လွတ်တဲ့လူတွေတောင် လွတ်နေပြီးမှ ဘာဖြစ်လို့ ထောင်ထဲမှာကျန်နေတဲ့သူတွေကို ဆက်ပြီး ချုပ်နှောင်ထားရမှာလဲလို့လည်း ဦးကိုကိုလှိုင်က ပြောပါတယ်။

ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအကျဉ်းသားကူညီ စောင့်ရှောက်ရေး အသင်း AAPP က ဒီလ (၁၂) ရက်နေ့က လွှတ်တဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသား (၂၀၀) ပါဝင်ပြီး အကျဉ်းထောင် အသီးသီးမှာ (၁၈၀၀) ကျန်ရှိနေကြောင်းနဲ့ တချို့ဆိုရင် သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ကာလကို ကျော်လွန်နေပြီ ဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်ပါတယ်။

AAPP က ထုတ်ပြန်တဲ့ နိုင်ငံရေး အကျဉ်းသား အရေအတွက်ကို မြန်မာအစိုးရ အကြံပေး ဦးကိုကိုလှိုင်က ငြင်းပယ်လိုက်ပြီး AAPP ရဲ့စာရင်းဟာ ပြင်ပကနေအချက်အလက်တွေ ကောက်ယူရတာဖြစ်တဲ့ အတွက် မမှန်ကန်နိုင်ကြောင်း၊ နိုင်ငံရေးအရ အကျဉ်းကျ ခံနေရသူ အရေအတွက် ( ၆၀၀ ) လောက်သာရှိကြောင်း ပြောပါတယ်။

မြန်မာနိုင်ငံမှာ စစ်အစိုးရခေတ်အဆက်ဆက်ကနေ အခုလက်ရှိ ဦးသိန်းစိန်အစိုးရအထိ နိုင်ငံရေးအကျဉ်းသားရှိပါတယ်ဆိုတဲ့ အချက်ကို လက်မခံကြပါဘူး။

# အာဆီယံဥက္ကဋ္ဌနေရာရွှေ့ဆိုင်းဖို့ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ တိုက်တွန်း

**RFA ၊ အောက်တိုဘာ ၁၉ ။** ။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ နိုင်ငံရေး တိုးတက်ပြောင်းလဲမှု မရှိမချင်း မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ် အတွက် အာဆီယံဥက္ကဋ္ဌတာဝန် ပေးသင့်မသင့် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းထားဖို့ မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံ လွှတ်တော်အမတ်များ အဖွဲ့ AIPMC က လက်ရှိ ဥက္ကဋ္ဌ အင်ဒိုနီးရှားအစိုးရကို တိုက်တွန်း လိုက်ပါတယ်။

ဂျာကာတာမြို့အခြေစိုက် AIPMC ရုံးက အမှုဆောင် ညွှန်ကြားရေးမှူး Ms. Agung Astrid (အန်ဂန်း အက်စ်ထရစ်) က မြန် မာပြည် ပြည်တွင်းပြည်ပကရတဲ့ သတင်းအချက်အလက်တွေ အ ရ မြန်မာနိုင်ငံမှာ အပြောင်းအလဲ စတင်နေတယ်ဆိုတာ အသိ အမှတ်ပြုပေမယ့် အာဆီယံ ဥက္ကဋ္ဌရာထူး ပေးရလောက်အောင် အ နိမ့်ဆုံးအဆင့် အခြေအနေကို မရောက်သေးတဲ့အတွက် အာဆီယံ အဖွဲ့ကို အခုလို တိုက်တွန်းတာဖြစ်တယ်လို့ RFA ကို ဒီကနေ့ ပြောကြားပါတယ်။

မြန်မာ အာဆီယံဥက္ကဋ္ဌ ဖြစ်ရေးမဖြစ်ရေး ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားတာဟာ အာဆီယံ အဖွဲ့ကြီးနဲ့ ဒေသတခုလုံးရဲ့ အကောင်းဆုံး အကျိုးအစီးပွားဖြစ်မယ်လို့ ယူဆပါတယ်။

ဒါဟာ အာဆီယံခေါင်းဆောင်တွေ၊ မြန်မာ လူမှုအဖွဲ့အစည်းတွေဆီက သတင်းအချက်အလက်တွေကို ဆွေးနွေးပြီးမှ တိုက်တွန်းရတာ ဖြစ်ပါတယ်လို့ Ms. Astrid က ပြောသွားပါတယ်။

အနိမ့်ဆုံးအဆင့်အနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေအားလုံး မလွှတ်သေးသရွေ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး မလုပ်ဆောင်သေးသရွေ့ ဒီမိုကရေစီနဲ့ လူ့အခွင့်ရေး လမ်းကြောင်းပေါ်ကို မရောက်သေးဘူးလို့ ယူဆကြောင်းလည်း သူက ပြောပါတယ်။

အာဆီယံ အလှည့်ကျ အင်ဒိုနီးရှားနိုင်ငံက နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါး ဟာ လာမယ့်အပတ်မှာ မြန်မာနိုင်ငံကို လေ့လာရေးခရီးထွက်ဖို့ရှိပြီး နောက်လ (နိုဝင်ဘာလ) ထဲမှာ ကျင်းပမယ့် အာဆီယံ ထိပ်သီးညီလာခံမှာ မြန်မာအစိုးရ အဆိုပြုထားတဲ့ ၂၀၁၄ အာဆီယံဥက္ကဋ္ဌရာထူး လွှဲအပ်ရေးကိစ္စကို ဆုံးဖြတ်မယ်လို့ အများက ယူဆထားပါတယ်။ သူ့ခရီးစဉ်မှာ မြန်မာအစိုးရ အရာရှိတွေနဲ့ချည်း မဟုတ်ဘဲ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားအဖွဲ့အစည်း ခေါင်းဆောင်တွေနဲ့ပါ တွေ့ဆုံဖို့ကိုလည်း AIPMC က တိုက်တွန်းထားပါတယ်။

AIPMC အဖွဲ့ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို ဆောင်ရွက်နေကြတဲ့ အာဆီယံ ၁၀ နိုင်ငံက ရွေးကောက်ခံ လွှတ်တော်အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပြီး မနေ့ကလည်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှာ မြန်မာ့အရေးနဲ့ ပတ်သက်လို့ ဆွေးနွေးပွဲ တစ်ခုလည်း ကျင်းပခဲ့ပါတယ်။


Voice of Burma



**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်**